# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဥ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဥ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဥ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဥ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်　၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့　အတွဲ (၆၅)၊ အမှတ်(၁၂၀)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၁/၂၀၂၆) ကျင်းပ



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၁/၂၀၂၆) တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက video conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) မှတ်တမ်းကို အတည်ပြုခြင်းဆောင်ရွက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြည်သူလူထု၏ ဆန္ဒနှင့်အညီ လျှောက်လှမ်းနိုင်ရေး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ထွက်ပေါ်လာမည့် အစိုးရအသစ်ကို နိုင်ငံ့တာဝန်များ လွှဲပြောင်းပေးအပ်ပြီး ၎င်းတို့၏ တာဝန်များကို အကောင်းဆုံးဖြစ်အောင် ထမ်းဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊နိုင်ငံတော်အကြီးအကဲအနေဖြင့် မန္တလေးတိုင်းဒေသကြီး ခရီးစဉ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)၌ ပါဝင်ဆန္ဒမဲပေးနေကြသည့် မဲဆန္ဒရှင်ပြည်သူများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း၊ ထိုသို့ကြည့်ရှုအားပေးရာတွင် ပြည်သူလူထုမှ လွတ်လပ်စွာ မိမိတို့သဘောဆန္ဒများအလျောက် စည်းကမ်းရှိပြီး နိုင်ငံကြီးသားပီသစွာ လိုလိုလားလားဖြင့် လာရောက်ဆန္ဒမဲပေးကြသည်ကို တွေ့ရမြင်ရကြောင်း၊


*စာမျက်နှာ ၃ ကော်လံ ၁* ❑


### ယနေ့ ဖတ်စရာ


**ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဆီသို့ ...**

ဆောင်းပါး　စာ ၆

**သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ကြပါစို့ . . .**

ဆောင်းပါး　စာ ၁၀

**အိန္ဒိယ၌ နီပါးရ်ဗိုင်းရပ်စ်တွေ့ရှိပြီးနောက် သီရိလင်္ကာနှင့် အာရှတစ်ဝန်း သတိထားစောင့်ကြည့်လျက်ရှိ**

နိုင်ငံတကာသတင်း　စာ ၁၄


# မြန်မာ့မီးရထားအနေဖြင့် ရထားလက်မှတ်ဝယ်ယူရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် Online မှ ဝယ်ယူ၍ ငွေပေးချေခြင်းစနစ်ဖြင့် ရှေ့ပြေးစမ်းသပ်မှုစတင်

နေပြည်တော် ဇန်နဝါရီ ၂၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ ရထားလက်မှတ်ဝယ်ယူရာတွင် လွယ်ကူအဆင်ပြေစေရေးအတွက် ရထားလက်မှတ်များကို Online မှ ဝယ်ယူ၍ ငွေပေးချေခြင်းစနစ် (Online Railways Ticketing and Payment System–ORTP) ကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပြင်ဆင်ပေးလျက်ရှိသည်။


*စာမျက်နှာ ၇ ကော်လံ ၁* ❖




## စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၃ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

**စစ်ဘက်မူလတာဝန် ပြန်လည်ထမ်းဆောင်စေခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် အား စစ်ဘက်မူလတာဝန်များပြန်လည်ထမ်းဆောင်စေလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**
အမိန့်အမှတ်၊ ၄ / ၂၀၂၆
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် အား ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

❑ *ရှေ့ဖုံးမှ*

ထိုသို့ဆောင်ရွက်မှုများမှာ ပြည်သူလူထုမှ အစိုးရအပေါ် လိုလားလက်ခံသည့် အပြုအမူများဖြစ်သည့်အတွက် အစိုးရအဖွဲ့အနေဖြင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်သည်ကို တွေ့ရှိရ**

နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့များကလည်း ယခု ရွေးကောက်ပွဲတွင် ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ မဲပေးပိုင်ခွင့်ကို အနှောင့်အယှက် တစ်စုံတစ်ရာမရှိဘဲ မဲပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ မဲရုံဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မဲပေးခြင်း၊ မဲရေတွက်ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့သည့်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံး သမာသမတ်ကျစွာနှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဖော်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြန်မာအီလက်ထရောနစ် မဲပေးစက်များကို အသုံးပြုခဲ့သည့်အတွက် မဲပေးခြင်း၊ မဲရေတွက်ခြင်းလုပ်ငန်းစဉ်များကို ပိုမိုလျင်မြန်စေပြီး ပြည့်စုံမှန်ကန်သည့်ရလဒ်များ ဖြစ်ပေါ်စေခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည့်စုံကောင်းမွန်သည့် လုံခြုံရေးဆောင်ရွက်ထားမှုများကြောင့် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ထမ်းဆောင်သူများနှင့် အခြားသက်ဆိုင်သူများအားလုံး လုံခြုံစိတ်ချစွာဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည်ဟု သဘောထားမှတ်ချက်များ ပြုခဲ့ကြသည်ကို တွေ့ရှိရသဖြင့် လွတ်လပ်၍တရားမျှတသော ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်သည်ကို တွေ့ရှိရကြောင်း။

မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလျော့ပါးချုပ်ငြိမ်းရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား NCA သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်မှုအတွက် ယနေ့အချိန်အထိ အရေးပါနေဆဲဖြစ်သည့်အတွက် NCA သဘောတူညီချက်များကို လက်တွေ့အသုံးချ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင်လည်း လူငယ်များပါဝင်မှုကို မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရမည်**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာဖြင့် ထိတွေ့ဆက်ဆံပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်သည့်အတွက် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်အတွင်း ကောင်းမွန်သည့် ရလဒ်များနှင့် တိုးတက်အောင်မြင်မှုအခြေအနေများကို နိုင်ငံတကာမှသိရှိအောင် ထုတ်ဖော်ပြသနိုင်ခဲ့ကြောင်းနှင့် တာဝန်ရှိသူများကလည်း မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများနှင့် ဒုစရိုက်လုပ်ငန်းများ ထပ်မံမပေါ်ပေါက်လာစေရေးတို့အတွက် အမြစ်ဖြတ် နှိမ်နင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်း သတင်းမီဒီယာများမှ သတင်းထုတ်ပြန်ခြင်း၊ ရန်ကုန်မြို့အခြေစိုက်သံတမန်နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို သတင်းစာရှင်းလင်းပွဲများကျင်းပ၍ ရှင်းလင်းပြောကြားမှုများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်းနှင့် နယ်စပ်ဖြတ်ကျော်ဒုစရိုက်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အမြစ်ပြတ်သည်အထိ ဆက်လက်ဖော်ထုတ်၍ ထိရောက်သည့် ပြစ်ဒဏ်များကိုလည်း ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ထိရောက်စွာ တားဆီးကြပ်မတ်ဆောင်ရွက်**

တရားမဝင်ကုန်သွယ်မှုများနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများသည် နိုင်ငံတော်လုံခြုံရေး (National Security) ကို ခြိမ်းခြောက်နိုင်သည့်အတွက် ၎င်းကိစ္စရပ်များကို ထိရောက်စွာ တိုက်ဖျက်ခြင်းအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်သူလူထု အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမြစ်ပြတ်သည်အထိ ထိရောက်စွာ တားဆီးကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

**"နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်"** ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ အနာဂတ်စီးပွားရေးဝန်းကျင်တွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုအရေးပါလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း နိုင်ငံ၏အခြေခံ အချက်အလက်များအပေါ်မူတည်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ဆွေးနွေးအဖြေရှာ ဖော်ထုတ်ပေးကြရန် တိုက်တွန်းပြောကြားထားပြီးဖြစ်၍ အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ယခုထက် ပိုမိုအောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးစလုံး ပြည့်စုံအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝါးကိုအခြေခံသည့် တန်ဖိုးမြှင့်ပစ္စည်းများ၊ ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် ဆီထွက်သီးနှံဖြစ်သည့် နေကြာကိုလည်း ပိုမိုတိုးမြှင့်စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ စားရေးကို အထောက်အကူပြုစေသည့် အသားစားကြက်၊ ဥစားကြက်၊ ဘဲ၊ ငါး၊ ဝက်နှင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့မွေးမြူသွားရန်လိုအပ်ကြောင်းနှင့် နွားမွေးမြူရေးကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဇီဝမြေသြဇာများကို ရရှိနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ အခြေခံပညာအလယ်တန်းအဆင့်(KG+9) ကို မသင်မနေရ အဆင့်သတ်မှတ်ပြီး ပညာရေးအဆင့်မြှင့်တင်နေပြီဖြစ်ကြောင်း၊ အခြေခံပညာအထက်တန်းအဆင့်တွင် အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်သည့် ပညာရပ်သင်ကြားပေးရုံသာမက အလယ်တန်းအဆင့်၌လည်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံ ဗဟုသုတများ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း အခြေခံပညာကျောင်းများ၌ အတန်းတင်စာမေးပွဲများ ကျင်းပတော့မည်ဖြစ်သည့်အတွက် အောင်မြင်စွာ ဖြေဆိုနိုင်ရေး ဆရာ၊ ဆရာမများနှင့် မိဘများ ပူးပေါင်း၍ကျောင်းသား ကျောင်းသူများအား တိုက်တွန်းအားပေး ဆောင်ရွက်ပေးကြစေလိုကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အခြေခံပညာရေးဥပဒေနှင့် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပညာရေးများမှ သင်ရိုးညွှန်းတမ်းများသည် အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးစသည့် ပညာရပ်များကို ဆက်လက်သင်ယူနိုင်ရန်အတွက် မြန်မာစာ၊ အင်္ဂလိပ်စာကဲ့သို့သော သင်ကြားသင်ယူမှု ဘာသာစကားများကို မဖြစ်မနေ သင်ကြားပေးမှုသာ အခြေခံကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် အထောက်အကူပြုရမည်ဖြစ်ကြောင်း။

**လိုက်နာအကောင်အထည်ဖော်ကြရန်လိုအပ်**

ကျန်းမာရေးကဏ္ဍနှင့်စပ်လျဉ်း၍ (၅၄)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင်လည်း နိုင်ငံတော်အကြီးအကဲက "မိမိတို့ ပြည်သူများ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရန်အတွက် အာဟာရဆိုင်ရာ သုတေသနများ၊ အစားအသောက် ဘေးကင်းလုံခြုံမှုဆိုင်ရာ သုတေသနများ၊ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်ပြုမူရေးနှင့် ပတ်သက်သည့် လက်တွေ့အသုံးချ ကျန်းမာရေးသုတေသနများကို တိုးမြှင့်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အဆိုပါ သုတေသနတွေ့ရှိချက်များကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်မှု ပညာပေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း"ကို လမ်းညွှန်မှာကြားခဲ့သဖြင့် လိုက်နာအကောင်အထည်ဖော်ကြရန် လိုအပ်ကြောင်း။

**တက်ညီလက်ညီ ဝိုင်းဝန်းလက်တွဲဆောင်ရွက်**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် လုပ်ငန်းစီမံကိန်းများအတွက် ဘဏ္ဍာငွေများကို စနစ်တကျလျာထားတွက်ချက်ရန် လိုအပ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့ တာဝန်ယူဆောင်ရွက်ရသည့် ကဏ္ဍအလိုက် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသုံးစရိတ်များကိုလည်း ဘဏ္ဍာရေးစည်းမျဉ်း၊ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အလေအလွင့်မရှိအောင် သုံးစွဲကြရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းသာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ ပတ်ဝန်းကျင်သာယာလှပရေးနှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ ယဉ်ကျေးမှု ထူထောင်နိုင်ရေးတို့ကို ပြည်သူလူထုနှင့် ပူးပေါင်း၍ တက်ညီလက်ညီ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက အမှာစာများအား ရှင်းလင်းဖတ်ကြားကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**၂၇ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာ နှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၆၀၀၀၀၀၀)ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**စည်းလုံးခြင်းသည် အင်အား၊ ညီညွတ်ခြင်းသည်**
**စွမ်းအား ငြိမ်းချမ်းခြင်းသည် အလှတရား**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၉)နှင့် တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၂၇**

တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၉)နှင့် တပ်မတော်(ရေ) အမျိုးသမီးအရာရှိငယ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ နည်းပြအရာရှိများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ်(၈၅)၊ တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်းအမှတ်စဉ်(၅၉)နှင့် တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ်သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၅) မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၇၉၀ ဗိုလ် မင်းသွေးခန့် အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ) အရာရှိငယ်(စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၅) မှ ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၇၈၀ ဗိုလ် ဇော်ဖြိုးအောင် အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်း တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ် သင်တန်းအမှတ်စဉ်(၁၀)မှ ရေကြောင်းပညာ စာပေထူးချွန်ဆုရ ရေ ၅၈၁၇ ဗိုလ် ဒေါ်ချစ်မေဇင် အား ထူးချွန်ဆုပေးအပ်ချီးမြှင့်စဉ်။

### နိုင်ငံတော်အလံအား အလေးပြု

ဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူကြပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

### ဂုဏ်ပြုတပ်ခွဲများကိုစစ်ဆေး

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ရောက်ရှိလာပြီး ကျောင်းဆင်းတပ်ခွဲနှင့်ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူ၍ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(ရေ)အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ဆက်လက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၈၅)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၇၉၀ ဗိုလ်မင်းသွေးခန့်နှင့် ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၇၈၀ ဗိုလ်ဇော်ဖြိုးအောင်တို့အားလည်းကောင်း၊ တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်းအမှတ်စဉ်(၅၉)မှ အကောင်းဆုံးကျောင်းသားဆုရ ရေ ၅၈၀၇ ဗိုလ်ကောင်းထက်ဝေနှင့် ရေကြောင်းအင်ဂျင်နီယာ ပညာစာပေထူးချွန်ဆုရ ရေ ၅၈၁၀ ဗိုလ် သူရိန်မြင့်အောင်တို့အားလည်းကောင်း၊ တပ်မတော်(ရေ)အမျိုးသမီးအရာရှိငယ်သင်တန်းအမှတ်စဉ်(၁၀)မှအကောင်းဆုံးကျောင်းသားဆုရ ရေ ၅၈၁၆ ဗိုလ် ဒေါ်လပြည့်ဝင်းနှင့် ရေကြောင်းပညာစာပေထူးချွန်ဆုရ ရေ ၅၈၁၇ ဗိုလ် ဒေါ်ချစ်မေဇင်တို့အားလည်းကောင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

### ပူးတွဲတာဝန်ထမ်းဆောင်ကြရမည်

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းက သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ်အနေဖြင့် တပ်မတော်(ရေ)အတွက်သာမက နိုင်ငံတော်နှင့်တပ်မတော်အတွက် အားသစ်လောင်းမည့် မျိုးဆက်သစ်အရာရှိငယ်များကို အောင်မြင်စွာ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့သည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း စာတွေ့သင်ကြားခဲ့သည့်အပြင် ရေယာဉ်အခြေပြု လက်တွေ့လေ့ကျင့်မှု (Afloat Training)များကို စစ်ရေယာဉ်များတွင် တွဲဖက်လေ့ကျင့်သင်ကြားခြင်းများ၊ ပြည်ပနိုင်ငံများသို့ သွားရောက်သည့် စစ်ရေယာဉ်များနှင့် ပင်လယ်ပြင်ရေကြောင်းဆိုင်ရာ လေ့ကျင့်ခန်းများ ဆောင်ရွက်ရာတွင် လိုက်ပါစေ၍ ပင်လယ်ပြင် လက်တွေ့လေ့ကျင့်မှုများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပင်လယ်ပြင်စစ်ဆင်ရေး၊ မြစ်တွင်းစစ်ဆင်ရေးနှင့် သယ်ယူပို့ဆောင်ရေးတာဝန်များကိုပါ ပူးတွဲတာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ရေတပ်စစ်နည်းဗျူဟာများကို အခြေခံကျကျ သိရှိ တတ်မြောက်မှသာလျှင် အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အခြေခံရေတပ်စစ်နည်းဗျူဟာသင်တန်းကို ဖွင့်လှစ်သင်ကြားခဲ့ကြောင်း၊ ယခုသင်ကြားပေးလိုက်သည့် ရေတပ်ပညာရပ်များသည် ရေတပ်အရာရှိဘဝကို စတင်ရန်အတွက် အခြေခံမျှသာရှိသေးသဖြင့် Long Life Learning ဆိုသည့်အတိုင်း ရေတပ်အရာရှိဘဝတစ်လျှောက်လုံး လေ့လာသင်ယူသွားကြရန် အထူးလိုအပ်ကြောင်း။

### ကိုယ်တိုင်ကြိုးစားလုပ်ဆောင်သွားကြရမည်

ခေါင်းဆောင်မှုဆိုသည်မှာ မွေးရာပါအရည်အချင်းမဟုတ်ဘဲ ကိုယ်တိုင်လေ့လာ၊ ကျင့်ကြံ၊ ကြိုးစားအားထုတ်ပြီး ရယူရခြင်းဖြစ်သည့်အတွက် တပ်မတော်တွင် ပြဋ္ဌာန်းထားသည့် ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နှင့် ပြည့်စုံရန် ကိုယ်တိုင်ကြိုးစားလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)ရှိ အင်ဂျင်နီယာအရာရှိ၊ စစ်သည်များ၏ အရည်အချင်းပြည့်ဝမှုနှင့် ကြိုးပမ်းလုပ်ဆောင်မှုများကြောင့် တန်ချိန်ပေါင်း ၃၅၀၀ ရှိသည့် ဖရီဂိတ်အမျိုးအစားစစ်ရေယာဉ်ကြီးအပါအဝင် အခြားစစ်ရေယာဉ်အမျိုးအစားစုံတို့ကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်အတွက် လိုအပ်သည့် ရေယာဉ်အမျိုးအစားများကိုလည်း ဆက်လက်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ) အမျိုးသမီးအရာရှိ၊ စစ်သည်များကို လှိုင်းလေကြမ်းတမ်းသည့် ပင်လယ်ပြင်တွင် အမျိုးသားအရာရှိ၊ စစ်သည်များနည်းတူ စိတ်ဓာတ်ပိုင်းနှင့် ကိုယ်ခန္ဓာပိုင်းကြံ့ခိုင်မှုရှိအောင် လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ရေကူးနှင့် လှေလှော်ရွက်တိုက်တို့ကို ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း။

*စာမျက်နှာ ၅ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်အား ဂါရဝပြုတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၂၇

**ပါကစ္စတန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာမိုဟာမက် အီရှပ်ဒါး၏ ဖိတ်ကြားချက်အရ ပါကစ္စတန်နိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ဝန်ကြီးချုပ်ရုံး၌ ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မိုဟာမက်ရှီဘက်ရှာရစ်ဖ် အား ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။**

**ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်**

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-ပါကစ္စတန် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုကဏ္ဍတို့အပါအဝင် နှစ်နိုင်ငံ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာစာမျက်နှာများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဦးစီးဌာန ဖွဲ့စည်းတည်ထောင်ခြင်း (၂၂)ကြိမ်မြောက် အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဦးစီးဌာနဖွဲ့စည်းတည်ထောင်ခြင်း (၂၂)ကြိမ်မြောက် အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိစိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အငြိမ်းစား သုတေသီပညာရှင်များနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိဒေသဆိုင်ရာသုတေသနဗဟိုဌာနများ၊ စိုက်ပျိုးရေးသုတေသနခြံများ၊ သုတေသနစခန်းများမှ သုတေသီပညာရှင်များ၊ ဝန်ထမ်းများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

**ဆန်းသစ်တီထွင်နေမှုကို အမြဲကြိုးစား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေး သုတေသနလုပ်ငန်းကို ၁၉၅၄ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ဦးစီးဌာနအဖြစ်ဖွဲ့စည်းဆောင်ရွက်ခြင်းမှာ (၂၂)နှစ်ပြည့်မြောက်ပြီ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက မူဝါဒများပြင်ဆင်ချမှတ်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများကို ခေတ်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာတွင် စိုက်ပျိုးရေးသုတေသနလုပ်ငန်းများသည် အခြေခံအရေးပါသည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ မိမိတို့၏သုတေသနလုပ်ငန်းများကို နိုင်ငံတော်မှ ချမှတ်ထားသည့် မျှော်မှန်းချက်များနှင့်အညီဖြစ်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊သုတေသနများ ဆန်းသစ်တီထွင်နေမှုကို အမြဲကြိုးစားသွားကြရန် အလေးအနက် မှာကြားလိုကြောင်း။

**အလေးထား ဆောင်ရွက်ပေးလျက်ရှိ**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဖွဲ့စည်းပုံနှင့်အညီ လိုအပ်သည့်ပညာရှင်အင်အား၊ သက်ဆိုင်ရာရာထူးတာဝန်အဆင့်ဆင့်အလိုက် ဖြည့်ဆည်းခန့်ထားပေးနိုင်ရန်နှင့် လိုအပ်ချက်များကို ဝန်ကြီးဌာနက အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သုတေသီပညာရှင်များအနေဖြင့်လည်း ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် မျိုးနှင့်နည်းပညာများ ဖော်ထုတ်ခြင်း၊ ဈေးကွက်နှင့် စားသုံးသူများ၏ လိုအပ်ချက်ကို ဦးစားပေးသည့်




သုတေသနလုပ်ငန်းများ၊ တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ လုပ်ငန်းများအတွက် ထိရောက်စွာ ကူညီပေးနိုင်မည့် နည်းပညာများ၊ သုတေသနရလဒ်ကောင်းများအား တိုးတက်ရှာဖွေဖော်ထုတ်ပေးနိုင်ရေး ဆက်လက်ကြိုးပမ်းပေးကြရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အောင်မိုးမျိုးတင့်က စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက သုတေသနစွမ်းဆောင်ရည် ဂုဏ်ပြုဆု ၄၃ ဆုကို ပေးအပ်ကြပြီး တာဝန်ရှိသူများက ၂၀၂၆ ခုနှစ်အတွင်း အသက်(၆၂)နှစ်ပြည့် အငြိမ်းစားယူကြမည့် အရာထမ်း၊ အမှုထမ်းများကို ဂုဏ်ပြုလက်ဆောင်ပေးအပ်ကြသည်။

**ရှာဖွေဖော်ထုတ်နိုင်ခဲ့**

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် စတင်တည်ထောင်ချိန်မှ ယနေ့အထိ စပါး၊ ပြောင်း၊ ဂျုံနှင့် ဆီထွက်သီးနှံများ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၊ စက်မှုကုန်ကြမ်းသီးနှံများအား မျိုးမွေးမြူခြင်း သုတေသနမှ စုစုပေါင်း သီးနှံမျိုးပေါင်း သုံးရာကျော် မျိုးမွေးမြူထုတ်လုပ်နိုင်ခဲ့သည့်နည်းတူ ကောင်းမွန်သည့် စိုက်ပျိုးနည်းစနစ်များကိုလည်း ဖော်ထုတ်နိုင်ခဲ့ပြီး ၂၀၂၆ ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ ဒေသအလိုက် ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း သီးနှံမျိုးများ မွေးမြူရွေးချယ်ထုတ်လုပ်ခြင်း၊ ဆန်းသစ်သော စိုက်ပျိုးရေးသိပ္ပံနှင့် နည်းပညာများကို စဉ်ဆက်မပြတ် ဖော်ထုတ်ခြင်းတို့ကို အဓိကထားပြီး လုပ်ငန်းစဉ် (၇) ရပ်ဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုအနေဖြင့် ယခုနှစ်အတွင်း သီးနှံမျိုးသစ် ၁၂ မျိုး၊ နည်းပညာ ခုနစ်မျိုးကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာ နေပန်-လပန် စက်မှုလယ်ယာစနစ်ကျလယ်မြေ၌ နွေစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

တပ်မတော်(ရေ)အနေဖြင့် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေအရ တပ်မတော်(ကြည်း)၊ တပ်မတော်(လေ)တို့နှင့်အတူ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်လျက်ရှိပြီး ရခိုင်ပြည်နယ်၊ ဧရာဝတီမြစ်ကြောင်းနှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် စစ်ဆင်ရေး၊ စစ်ဘက်သယ်ယူပို့ဆောင်ရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း။

အရာရှိများဖြစ်သည်နှင့်အညီ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ပေးအပ်သောတာဝန်ကို အောင်မြင်စွာဆောင်ရွက်မည်ဆိုသည့် သန္နိဋ္ဌာန်စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် အထူးလိုအပ်ကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒ/ညွှန်ကြားချက်များကို စဉ်ဆက်မပြတ် လေ့လာနေရမည်ဖြစ်ပြီး အသိပညာဗဟုသုတပြည့်ဝရေးအတွက် လက်ရှိ မြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေး အခြေအနေများကို မျက်ခြည်မပြတ်စေရေး လေ့လာမှတ်သားနေရန် လိုအပ်ကြောင်း၊ ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ချက်နှင့်အညီ ပြုမူနေထိုင်ပြီး ကိုယ်ကျင့်တရားကောင်းမွန်၍ အမိန့်နှင့်စည်းကမ်းကို စံနမူနာပြ လိုက်နာပြီး ပေးအပ်လာမည့်တာဝန်များကို စွမ်းရည်ပြည့်ဝစွာနှင့် အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် စည်းကမ်းကောင်းမွန်သော ခေါင်းဆောင်ငယ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ **"လှိုင်းလေခက်ထန်ကြမ်းတမ်းသည့် ပင်လယ်ပြင်တွင် လူပျော့လူညံ့များအတွက် နေရာမရှိ"** ဆိုသည့်စကားအတိုင်း ကျန်းမာကြံ့ခိုင်သော ပင်လယ်ပျော်ရေတပ်သားများဖြစ်စေရေး လေ့ကျင့်၍ **"လှေခွက်ချည်းကျန် အလံမလှဲ"** စိတ်ဓာတ်ဖြင့် ရင်ဆိုင်ကျော်လွှားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ စစ်ရေးပြအခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် ရေတပ်လေ့ကျင့်ရေးဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏မိဘများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ညပိုင်းတွင် သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ကိုထိုက်နှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့်ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နည်းပြအရာရှိများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းအရာရှိများနှင့် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တေးဂီတအဖွဲ့နှင့် တပ်မတော်(ရေ) တေးဂီတအဖွဲ့တို့၏ တေးသီချင်းများနှင့် တေးသရုပ်ဖော်အစီအစဉ်များဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးသည်။

ညစာစားပွဲအခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းသည် ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဆီသို့ ...

**"အသီးတစ်ရာအညှာတစ်ခု တို့ပြည်ထောင်စု"ဟု တင်စားသည့်နိုင်ငံတွင် ကျွန်မတို့ နေထိုင်ပါသည်။ တိုင်းရင်းသားလူမျိုးများစုပေါင်းနေထိုင်ရာ အမိနိုင်ငံတော်တွင် ကျွန်မတို့ သွေးချင်းညီနောင်များ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် နေထိုင်ခဲ့ကြသည်မှာ နှစ်ပေါင်းရာထောင်ချီ ရှိခဲ့ပါပြီ။**

ဝေနှင်း

ချစ်ခင်ခြင်း၊ ယုံကြည်ခြင်း၊ စည်းလုံးခြင်း၊ ပေးဆပ်ခြင်းများစွာဖြင့် တည်ဆောက်ခဲ့သော ပြည်ထောင်စုစိတ်ဓာတ် သန္ဓေတည်ရာ ပြည်ထောင်စုနေ့သည်ကား ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ၇၉ နှစ်တိုင်ပါပြီ။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏အခရာသည် ပြည်ထောင်စုတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုတွင်မူတည်ပြီး ထိုညီညွတ်မှုအားဖြင့်သာလျှင် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ တိုင်းပြည်သည် သာယာဝပြော ငြိမ်းချမ်းလာမည်ဖြစ်ပါသည်။

ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်တွင် **"နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး"** ဟူသော ဦးတည်ချက်တစ်ရပ် ပါဝင်နေသည်ကို သတိထားမိသည်။ ဤအချက်ကို ကြည့်ရှုနှင့်ပင် တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စုစိတ်ဓာတ်အရင်းတည်၍ စည်းလုံးညီညွတ်မှုကို တည်ဆောက်ကာ ထိုအမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ်ကို ပြည့်မီရန် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဟူသောအချက်ကို မီးမောင်းထိုးပြနေပါသည်။

### စားရေရိက္ခာအရေးကြီးမှု

ကမ္ဘာ့လူသားအားလုံးအတွက် **"စားရေး"** **"ဝတ်ရေး"** **"နေရေး"** အရေးသုံးဖြာသည် အခြေခံလိုအပ်ချက်ဖြစ်သည်။ ထိုအခြေခံမရှိမဖြစ် လိုအပ်ချက် သုံးခုအနက် **"စားရေရိက္ခာ"** သည် လူသားအားလုံး မွေးသည်မှသေသည်အထိ အရေးအကြီးဆုံးလည်းဖြစ် နေ့စဉ် အခြေခံလိုအပ်ချက်လည်းဖြစ်နေသည်။ စားရေရိက္ခာကို အာဟာရဆက်စပ်မှုအားဖြင့် အမျိုးအစားအခြေခံအုပ်စုကြီး လေးမျိုး ခွဲခြားနိုင်သည်။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးအုပ်စု၊ ကောက်ပဲသီးနှံအုပ်စု၊ နို့ထွက်ပစ္စည်းနှင့် အသားအုပ်စုများဟူ၍ ဖြစ်သည်။

ကမ္ဘာ့စားရေရိက္ခာအများစုကို စိုက်ပျိုးရေးနှင့် မွေးမြူရေးအရင်းအမြစ်များမှတစ်ဆင့် ရရှိနိုင်မည်ဟူသော အဓိပ္ပာယ်ဖြစ်ပါသည်။ စားရေရိက္ခာနှင့် အာဟာရပြည့်စုံမှုမရှိပါက သက်တမ်းစေ့ သက်ရှည်ကျန်းမာစွာ အသက်ရှင်နေထိုင်နိုင်မည်မဟုတ်ပါ။ ထို့အပြင် နိုင်ငံမှာလည်း ဆင်းရဲတွင်းမှ လွတ်မြောက်ခြင်း မရှိနိုင်ဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများလည်း ကမ္ဘာ့အလယ်မှာ နောက်ကျကျန်နေမည် ဖြစ်သည်။ နိုင်ငံတကာတွင် နိမ့်ကျဆင်းရဲသည့် လူနေမှုအဆင့်အတန်းနှင့်အတူ အခြားသောနိုင်ငံများနှင့် ရင်ပေါင်တန်း ယှဉ်ပြိုင်နိုင်မည်လည်း မဟုတ်ပါ။ ထို့ကြောင့် နိုင်ငံသာယာဝပြောရေးအတွက်၊ စားရေရိက္ခာဖူလုံရေးအတွက် စားရေရိက္ခာ တိုးတက်ထုတ်လုပ်ရေးကို အထူးအလေးထားရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းတွင် အန္တရာယ်ကြီးမားသည့် လွန်ကဲသဘာဝ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်ရသည့် သဘာဝကပ်ဘေးဒုက္ခဆိုးကြီးများ(Natural Disasters caused by Climate Change) ကြောင့် စားရေရိက္ခာဖူလုံမှုပေါ်တွင် ဆိုးကျိုးသက်ရောက်မှုများ ရင်ဆိုင်နေကြရသည်။ ပြည်တွင်းပဋိပက္ခနှင့် နိုင်ငံတကာစစ်ပွဲကြီးများကြောင့် ဖြစ်ပေါ်လာသည့် ဘေးဒုက္ခဆိုး (Man-made Disasters) ကြောင့်လည်း စားရေရိက္ခာထုတ်လုပ်မှုအပေါ် ဆိုးကျိုးများစွာ သက်ရောက်သည့်အပြင် **"ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှု (World Food Security)"** တွင်မှာပါ ကြီးမားစွာ သက်ရောက်မှုများရှိနေကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။

### စားရေရိက္ခာအခြေခံ စိုက်ပျိုးရေးနှင့် မွေးမြူရေး

မြန်မာနိုင်ငံတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကအားထားလုပ်ကိုင်ကြပါသည်။ ထို့ကြောင့် ကျွန်မတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များစွာ လိုအပ်ပါသည်။ လယ်ယာစိုက်ပျိုးရေးကို အဓိကအခြေခံနေရဆဲဖြစ်၍ လက်ရှိလူဦးရေနှင့် စားရေရိက္ခာဖူလုံမှုတွင် ပိုလျှံသည့် နိုင်ငံဖြစ်သော်လည်း မကြာမီတိုးတက်လာမည့်လူဦးရေနှင့် အခြားမမျှော်လင့်နိုင်သော အခြေအနေများကို မျှော်လင့်၍ အဓိကနေ့စဉ်စားသုံးနေသော ဆန်စပါးသီးနှံထုတ်လုပ်မှုကို ပိုမိုတိုးတက်မြင့်မားအောင် မျက်ခြည်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးထုတ်လုပ်ကြသော တောင်သူလယ်သမားများ၏ **ဝင်ငွေနှင့် လူမှုစီးပွားဘဝ(Income and Socio-economic Status)** မြင့်မားတိုးတက်လာရေးအတွက် စပါးတစ်ကေအထွက်နှုန်း တိုးတက်ရေးနှင့်အတူ **ခိုင်မာသောဈေးနှုန်း (Proper Price)** ဖြင့် **တည်ငြိမ်ခိုင်မာသောဈေးကွက် (Sustainable Market)**သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေး အရေးကြီးပါသည်။ ထို့ကြောင့်လည်း ထုတ်လုပ်မှုအရည်အသွေး ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်း ဖြစ်ပါသည်။ လယ်သမားများကို **"Farming for Poverty"** လူမှုဘဝဆင်းရဲတွင်းမှ လက်တွေ့လွတ်မြောက်နိုင်စေရန် နိုင်ငံသားအားလုံးက ကြိုးစားရိုင်းပင်းကူညီ၍ ပါဝင်ဆောင်ရွက်ကြရမည့် သဘောဖြစ်သည်။

> ❑ **တိုင်းပြည်သာယာဝပြောရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် တိုက်ရိုက်ဆက်စပ်နေသော အရေးကိစ္စဖြစ်သလို တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း တိုက်ရိုက်ပတ်သက်ဆက်နွှယ်နေသော ကိစ္စဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုမရှိပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အပြည့်အဝဆောင်ရွက်ခွင့်ရမည် မဟုတ်ဘဲ တိုင်းပြည်သာယာဝပြောရေးအိပ်မက်မှာ အလှမ်းဝေးနေမည်သာဖြစ်**
>
> ❑ **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အခရာသည် ပြည်ထောင်စုတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုတွင်မူတည်ပြီး ထိုညီညွတ်မှုအားဖြင့်သာလျှင် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ တိုင်းပြည်သည် သာယာဝပြောငြိမ်းချမ်းလာမည်**

ဆန်စပါးသည် မိမိတို့ နိုင်ငံသားအားလုံး၏ **"အသက်နှင့် ဘဝ" (Rice is our life)** ဖြစ်သကဲ့သို့ **"နိုင်ငံနှင့် တောင်သူလယ်သမားတို့၏ စီးပွားရေး" (Rice is our economy)**လည်း ဖြစ်သည်။ ထို့ကြောင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးသည် ဆက်စပ်လျက်ရှိသည်ဟု ဆိုချင်သည်။ တစ်နည်းအားဖြင့် နိုင်ငံရေးအခြေအနေ တည်ငြိမ်အေးချမ်းသာယာမှုသည် ဆန်စပါးစိုက်ပျိုးနေကြသော ကျေးလက်နေလူထု၏ အဓိက မှီခိုအားထားရာ ဆန်စပါးသီးနှံထုတ်လုပ်မှုနှင့် ဖူလုံမှုအပေါ်တွင် များစွာတည်မှီလျက်ရှိသည့်အတွက် **"ဆန်စပါးသည် ကျွန်ုပ်တို့၏နိုင်ငံရေး" (Rice is our politics)**ပင် ဖြစ်နေပါသည်။

ထို့ကြောင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် အဓိက အသက်သွေးကြောဖြစ်သည့် စပါးအပါအဝင် ပြောင်း၊ ဂျုံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံတို့ကို ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း ဆိုသည့် နည်းလမ်းလေးရပ်ကို စနစ်တကျ လက်တွေ့လိုက်နာဆောင်ရွက်ရန် လိုအပ်ခြင်းဖြစ်သည်။ မျိုးကောင်းမျိုးသန့်များ သုံးစွဲခြင်း၊ လယ်ယာမြေကို စနစ်တကျ ဟန်ချက်ညီစွာပြုပြင်ခြင်း၊ သတ်မှတ်သွင်းအားစုများကို လုံလောက်စွာထည့်သွင်းပေးခြင်း၊ သင့်တော်သည့် စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်းနှင့် ခေတ်မီနည်းစနစ်နှင့် စက်ကိရိယာအစားထိုး အသုံးပြုခြင်းတို့ကို တိုးချဲ့လုပ်ဆောင်ရမည် ဖြစ်ပါသည်။

ထို့ပြင် တစ်နှစ်သုံးသီး စိုက်ပျိုးရေးနှင့် သီးထပ်သီးညှပ် တိုးချဲ့စိုက်ပျိုးရေးကို ထိထိရောက်ရောက် ဆောင်ရွက်ရမည်ဖြစ်သည်။ လယ်ယာလုပ်ငန်းသည် မိုးနှင့်အတူ ရှင်သန်ရသောလုပ်ငန်းဖြစ်သောကြောင့် **"မိုးရွာမှ ပျိုးသာမည်"** ဆိုစကားနှင့်အညီ မိုးကို မျှော်ရပါသည်။ ထွန်ယက်စိုက်ပျိုးခြင်းဟူသောစကားနှင့်အညီ လယ်ထွန်ခြင်း၊ ကောက်စိုက်ခြင်း၊ ပျိုးနုတ်ခြင်းလုပ်ငန်းများသည် လယ်ယာလုပ်ငန်းအတွက် အလွန်အရေးပါသော အဆင့်များဖြစ်သည်။ သို့မှသာ တောင်သူလယ်သမားတို့၏ လယ်ယာစီးပွားလုပ်ငန်းများ အောင်မြင်မည်ဖြစ်ပြီး ၎င်းတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို အလေးအနက်ထားပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှတစ်ဆင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင်လည်း နိုင်ငံတကာနှင့်ယှဉ်၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သို့မှသာ နိုင်ငံ့ GDP တိုးတက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ အစိုးရအဆက်ဆက်တိုင်းက ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ ထိထိရောက်ရောက်ဖြင့် အောင်မြင်မှုရရှိရန်လည်း ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်ကမွေးထုတ်ပေးလိုက်သည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာပညာရှင်များကို လိုအပ်သလို အကျိုးရှိရှိအသုံးချနိုင်ရန်လည်း လိုအပ်ပါသည်။

ထိထိရောက်ရောက်ဖြင့် အရည်အသွေး ပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်ကလည်း လိုအပ်သည်များ ဆက်လက်ဖြည့်ဆည်းပေးနေရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ အမျိုးသားရေးရည်မှန်းချက်များပြည့်မီရန် လိုအပ်ချက်နှင့် ဖြည့်ဆည်းမှုများရှိနေသည့်ကြားက ပို၍ပြည့်စုံစေမည့် အဓိကလိုအပ်ချက်မှာ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။

### စားရေရိက္ခာဖူလုံရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အရေးကြီးမှု

တိုင်းပြည်သာယာဝပြောရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် တိုက်ရိုက်ဆက်စပ်နေသော အရေးကိစ္စဖြစ်သလို တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း တိုက်ရိုက်ပတ်သက်ဆက်နွှယ်နေသော ကိစ္စဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုမရှိပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အပြည့်အဝဆောင်ရွက်ခွင့်ရမည် မဟုတ်ဘဲ တိုင်းပြည်သာယာဝပြောရေးအိပ်မက်မှာ အလှမ်းဝေးနေမည်သာ ဖြစ်သည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့်

> **"လက်ရှိအနေအထားအရ နိုင်ငံတွင် ကပ်ဘေးဆိုးကြီးများ၊ နိုင်ငံရေးပဋိပက္ခများနှင့်အတူ ပြည်ထောင်စုကြီးမပြိုကွဲအောင် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲအောင် ကြိုးပမ်းထမ်းဆောင်နေကြရပါသည်။ ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ အမျိုးသားစည်းလုံးညီညွတ်မှုကို ကြိုးစားတည်ဆောက်နေကြရသည်။ နိုင်ငံတော်ကလည်း ပြည်ထောင်စုငြိမ်းချမ်းရေး (Nationwide Ceasefire Agreement-NCA) စာချုပ်ကို အခြေခံ၍ လက်နက်ကိုင်များအားလုံးကို လက်တွဲဖိတ်ခေါ်လျက်ရှိဆဲပင်ဖြစ်သည်။ ထို NCA စာချုပ်ပေါ် အခြေခံ၍ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အတူလက်တွဲ ပါဝင်ပူးပေါင်းကြရန်သာ လိုအပ်"**

*စာမျက်နှာ ၇ သို့*

# မြန်မာနိုင်ငံအနေဖြင့် Fire Hotspots ဖြစ်ပေါ်မှုလျော့ချရေးနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မီးခိုးမြူငွေ့ကင်းစင်ပြီး သန့်ရှင်းကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ဖြစ်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ရှိ သတ္တုကျိုချက်သန့်စင် စမ်းသပ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက အခြေခံကုန်ကြမ်းရရှိမှု၊ ကျိုချက်ရေးပစ္စည်းများနှင့် လုပ်ငန်းစဉ်များ၊ ထွက်ရှိလာသော ထုတ်ကုန်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သတ္တုကုန်ကြမ်းများမှ တန်ဖိုးမြှင့်ကုန်ချောထုတ်ကုန်များ ရရှိအောင် ပြည်တွင်း၌ စမ်းသပ်ထုတ်လုပ်နေမှုကို အထူးအားပေးပါကြောင်း၊ လိုအပ်သော နည်းပညာနှင့် ခေတ်ခွဲစမ်းသပ်မှုများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ခဲ့ပြီး ယခုစမ်းသပ်လည်ပတ်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ကျိုချက်သန့်စင်မှု လုပ်ငန်းအဆင့်ဆင့်ကိုလည်း ဆက်လက်၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားရန်နှင့် အရည်အသွေးပြည့်ဝသော ထုတ်ကုန်များရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားကာ စမ်းသပ်စက်ရုံအတွင်း ဆောင်ရွက်နေသော လုပ်ငန်း အဆင့်ဆင့်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များမှာကြားသည်။



ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့ စက်မှုဇုန်ရှိ သတ္တုသန့်စင်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တာချီလိတ်မြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ခံများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် Fire Hotspots ဖြစ်ပွားမှုလျော့ချရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မဲခေါင်ဒေသနိုင်ငံများတွင် နှစ်စဉ် Fire Hotspots ၁၆၀၀၀၀ ခန့် ဖြစ်ပေါ်လေ့ရှိပြီး နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် ထိုင်းနိုင်ငံမြောက်ပိုင်း၊ မြန်မာနိုင်ငံ အရှေ့ပိုင်းနှင့် လာအိုနိုင်ငံတို့တွင် အဓိကဖြစ်ပေါ်လေ့ရှိသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Fire Hotspots ဖြစ်ပေါ်မှုလျော့ချရေးနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ Fire Hotspots နှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုကိုဖြစ်ပေါ်စေသော တောမီးရှို့ခြင်း၊ တောင်ယာမီးရှို့ခြင်းများမရှိစေရေးအတွက် ဒေသခံများအား အသိပညာပေးခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းများကို ဆက်စပ်ဌာနများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရလဒ်အဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ၂၀၂၄ ခုနှစ်တွင် Fire Hotspots ၄၈၇၆ ခု ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ၃၄၀၂ ခု ဖြစ်ပေါ်ခဲ့သဖြင့် ၃၀ ရာခိုင်နှုန်း လျော့နည်းသွားခဲ့ကြောင်း၊ အလားတူ တာချီလိတ်ခရိုင်တွင် ၂၀၂၄ ခုနှစ်၌ ၁၀၄၉ ခု ဖြစ်ပေါ်ခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၄၂၅ ခုသာ ဖြစ်ပေါ်ခဲ့သည့်အတွက် ၅၉ ရာခိုင်နှုန်းအထိ လျော့နည်းသွားသည်ကို တွေ့ရှိရသဖြင့် အားလုံးပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးရလဒ်တစ်ခုပင်ဖြစ်ကြောင်း၊ ဆက်လက်၍ မီးခိုးမြူငွေ့ကင်းစင်ပြီး သန့်ရှင်းကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ဖြစ်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး ပူးပေါင်းပါဝင်ပေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "သစ်တောထိန်းသိမ်းရေးနှင့် ကျေးလက်၊ မြို့ပြများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း တင်ပြဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ တာချီလိတ်မြို့၏ လေထုအရည်အသွေးတိုင်းတာနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*❖ ရှေ့ဖုံးမှ*

အဆိုပါစနစ် ရှေ့ပြေးစမ်းသပ်မှုအစီအစဉ်(Pilot Project) အဖြစ် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ဖေဖော်ဝါရီ ၇ ရက်တွင် ပြေးဆွဲပေးမည့် အမှတ်(၁၁)အဆန်/ (၁၂)အစုန် (ရန်ကုန်-မန္တလေး - ရန်ကုန်) လူစီးအမြန်ရထား၊ အမှတ်(၇) အဆန် /(၈) အစုန် (ရန်ကုန်-နေပြည်တော်-ရန်ကုန်) DEMU အမြန်ရထား၊ အမှတ်(၃၁) အဆန်/ (၃၂)အစုန် (ရန်ကုန်-နေပြည်တော်-ရန်ကုန်) DEMU အမြန်ရထားနှင့် အမှတ်(၂၇)အဆန်/(၂၈)အစုန် (မန္တလေး-နေပြည်တော်-မန္တလေး) လူစီးအမြန်ရထားခရီးစဉ်များ၏ ရထားလက်မှတ်များကို ယခုလာမည့် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ရောင်းချပေးသွားမည်ဖြစ်သည်။

ORTP စနစ်ဖြင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ လူစီးအမြန်ရထားများ စီးနင်းလိုက်ပါရန် လက်မှတ်များဝယ်ယူရာတွင် ခရီးစဉ်အစအဆုံး စီးနင်းလိုက်ပါလိုပါက ခုနစ်ရက်ကြိုတင်၍လည်းကောင်း၊ ကြားဘူတာများမှ စီးနင်းလိုက်ပါလိုပါက သုံးရက်ကြိုတင်၍လည်းကောင်း ဝယ်ယူနိုင်ပြီး ရထားထွက်ခွာဆိုက်ရောက်ချိန်များ၊ ရပ်တန့်ဘူတာများ၊ လက်မှတ်ခန့်မှန်းထားများမှာ ယခင်အတိုင်းဖြစ်သည်။

အဆိုပါစနစ်ကို အသုံးပြုမည်ဆိုပါက မိမိအသုံးပြုလိုသည့် Browser တစ်ခုခုကိုဖွင့်ပြီး ortp.railways.gov.mm ဆိုသည့် Link အားရိုက်နှိပ်၍ စနစ်သို့ လွယ်ကူစွာ ဝင်ရောက်နိုင်မည် ဖြစ်သည်။ ထို့အပြင် စနစ်အတွင်းသို့ လွယ်ကူစွာဝင်ရောက်နိုင်ရန် ပြုလုပ်ထားသော QR Code ကို မိမိလက်ကိုင်ဖုန်းဖြင့် Scan ဖတ်၍လည်း ဝင်ရောက်နိုင်သည်။ စနစ်အား အသုံးပြုပုံအဆင့်ဆင့် အသိပညာပေးခြင်းအစီအစဉ်နှင့် စနစ်သို့ ဝင်ရောက်နိုင်သည့် Link နှင့် QR Code တို့ကို မြန်မာ့ရုပ်မြင်သံကြား၊ နိုင်ငံပိုင်သတင်းစာများ၊ မြန်မာ့မီးရထား Website နှင့် ဘူတာရုံအသီးသီးတို့တွင် ကြေညာအသိပေးထားပြီးဖြစ်သည်။

ခရီးသွားပြည်သူများ အနေဖြင့် Online မှ လက်မှတ်များ ဝယ်ယူရန် အခက်အခဲတစ်စုံတစ်ရာ ရှိပါကလည်း သက်ဆိုင်ရာဘူတာရုံ/ လက်မှတ်ရုံများသို့ လာရောက်၍လည်း အဆိုပါစနစ်အသုံးပြုပြီး ဝယ်ယူရရှိနိုင်ရန် စီစဉ်ပေးထားသည်။ ORTP စနစ်ဖြင့် လက်မှတ်ဝယ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များရှိပါက မြန်မာ့မီးရထား၏ Hotline ဖုန်းအမှတ် - ၁၁၈၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

---

# ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအခမ်းအနားကျင်းပ

**ကျိုက်ထို ဇန်နဝါရီ ၂၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ သမဝါယမ အသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမအသင်းစုရုံး၌ ကျင်းပသည်။



ဦးစွာ သဘာပတိ ဦးမောင်မောင်လွင်က အမှာစကားပြောကြားပြီး ပြည်နယ်သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကြွယ်နှင့် ပြည်နယ်သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးစိုးတင့်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစု အတွင်းရေးမှူး ဒေါ်ဇင်ဇင်ခိုင်က မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးတွင် တင်သွင်းသည့် အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေစာရင်းနှင့် အသင်းသားစာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားခဲ့သည်။

**ပြည့်ဖြိုး**
**(ပြန်/ဆက်)**

---

*စာမျက်နှာ ၆ မှ*

တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တစ်ပြိုင်တည်း ကြိုးစားဆောင်ရွက်လျက်ရှိသည်ကို တွေ့ရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရန်သည် အမျိုးသားရေးရည်မှန်းချက်များ ပြည့်မီရေးအတွက် အရေးကြီးသည်ဟု ဆိုရခြင်းဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ နိုင်ငံကို ငြိမ်းချမ်းအောင်၊ တည်ငြိမ်အောင်၊ ဖွံ့ဖြိုးအောင်လုပ်နိုင်မည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဟူသည် **"မည်သည့်အဖွဲ့အစည်း၊ မည်သည့်အယူဝါဒကိုမျှ အခြေခံသည့် စိတ်ဓာတ်မဟုတ်ဘဲ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးစိတ်ဓာတ်ဖြစ်သည်။ တစ်နည်းဆိုရသော် ပြည်ထောင်စုတိုင်းရင်းသားအားလုံး တစ်ဦးနှင့်တစ်ဦး ချစ်ခင်လေးစားပြီး အေးအတူ ပူအမျှ လက်တွဲနေထိုင်လိုခြင်း၊ ပြည်ထောင်စုကြီးမပြိုကွဲစေရန်နှင့် အန္တရာယ်ကြုံလာပါက စုပေါင်းကာကွယ်လိုသည့် ညီညွတ်မှုစိတ်ဓာတ်ရှိခြင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့အား အခွင့်အရေးနှင့် အဆင့်အတန်း တန်းတူညီမျှရှိသည်ဟု မေတ္တာတူမျှထားရှိသော စိတ်ဓာတ်ဖြစ်ပါသည်။"**

လက်ရှိအနေအထားအရ နိုင်ငံတွင် ကပ်ဘေးဆိုးကြီးများ၊ နိုင်ငံရေးပဋိပက္ခများနှင့်အတူ ပြည်ထောင်စုကြီးမပြိုကွဲအောင် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲအောင် ကြိုးပမ်းထမ်းဆောင်နေကြရပါသည်။ ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ အမျိုးသားစည်းလုံးညီညွတ်မှုကို ကြိုးစားတည်ဆောက်နေကြရသည်။ နိုင်ငံတော်ကလည်း ပြည်ထောင်စုငြိမ်းချမ်းရေး (Nationwide Ceasefire Agreement-NCA) စာချုပ်ကို အခြေခံ၍ လက်နက်ကိုင်များအားလုံးကို လက်တွဲဖိတ်ခေါ်လျက် ရှိဆဲပင်ဖြစ်သည်။ ထို NCA စာချုပ်ပေါ် အခြေခံ၍ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အတူလက်တွဲ ပါဝင်ပူးပေါင်းကြရန်သာ လိုအပ်နေပါသည်။

အချုပ်အားဖြင့် အမျိုးသားရေးရည်မှန်းချက်တွင် စားရေရိက္ခာဖူလုံရေးနှင့် တိုင်းပြည်သာယာဝပြောရေးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပါသည်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးသည်လည်း ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု သဘောတရားများနှင့် ဆက်စပ်လျက်ရှိနေပြန်ပါသည်။ စည်းလုံးညီညွတ်မှုရှိမှ တိုင်းပြည်သာယာဝပြောမည်။ တိုင်းပြည်သာယာဝပြောမှ စားရေရိက္ခာဖူလုံမည်ဖြစ်သည်ဟု ဆိုလိုသည်။ စားရေရိက္ခာဖူလုံမှသာလျှင် တစ်ဦးချင်းဝင်ငွေတိုးတက်ပြီး နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည့်သဘောကို ဆောင်သည်။

ထို့ကြောင့် တိုင်းပြည်သာယာဝပြောမှုနှင့် စည်းလုံးညီညွတ်မှုသည် အပြန်အလှန် ဆက်စပ်နေသည်ဟုဆိုရခြင်းဖြစ်သည်။ ထိုသဘောတရားကိုအခြေခံ၍ နိုင်ငံတော်က ချမှတ်ထားသော အမျိုးသားရေးရည်မှန်းချက် ပြည့်မီရန် နိုင်ငံသူ နိုင်ငံသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ အတူလက်တွဲ ပူးပေါင်းပါဝင်ကြပါရန် နှိုးဆော်တိုက်တွန်းလိုပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

❂ ❂ ❂

# စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ စီမံကိန်းအောင်မြင်ပြီးမြောက်ခြင်းအခမ်းအနားနှင့် ညစာစားပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ၂၀၂၃ ဖြင့် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိစွာသုံးစွဲရေးရှေ့ပြေးစီမံကိန်း စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် စီမံကိန်းအောင်မြင်ပြီးမြောက်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။



အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ)မှ ဒုတိယဥက္ကဋ္ဌ၊ မဲခေါင်ဒေသတွင်းနိုင်ငံများမှ ကိုယ်စားလှယ်များ၊ စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများမှ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသူများ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ဆွေးနွေးပွဲတွင် စီမံကိန်းတာဝန်ရှိသူများ၊ ပြည်တွင်းပညာရှင်များနှင့် လက်တွေ့အကောင်အထည်ဖော်ရာတွင် ပါဝင်သော စက်ရုံများမှ ကိုယ်စားလှယ်များအနေဖြင့် စီမံကိန်း၏ရလဒ်များ၊ တန်ဖိုးရှိသည့် အတွေ့အကြုံများနှင့် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေး လုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ခြင်းမှ ရရှိခဲ့သည့်သင်ခန်းစာများကို မျှဝေကြမည်ဖြစ်ကြောင်း၊ လေ့လာသိရှိခဲ့ရသည့် အသိပညာရပ်များကို မိမိတို့ လုပ်ငန်းနယ်ပယ်၌ ကျယ်ကျယ်ပြန့်ပြန့်အသုံးချ၍ ထိထိရောက်ရောက် လက်တွေ့ကျင့်သုံးနိုင်အောင် အစဉ်တစိုက်ဖြင့် ဆက်လက်ဆောင်ရွက်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုစီမံကိန်းသည် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် လက်တွေ့ကျသော အကျိုးကျေးဇူးများကို ထင်ရှားစွာ ပြသနိုင်သည့် အရေးပါသော ရှေ့ပြေးစီမံကိန်း (pilot initiative) တစ်ခုဖြစ်ကြောင်း၊ ယခုစီမံကိန်းမှ ရရှိခဲ့သည့် အတွေ့အကြုံကောင်းများ၊ သင်ခန်းစာများနှင့် အပြုသဘောဆောင်သောရလဒ်များကို အကျိုးရှိစွာဖြင့် အခြားစက်ရုံများတွင် အလားတူ တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီမံကိန်းများကို တိုးချဲ့ဆောင်ရွက်သွားနိုင်ပါက စက်မှုကဏ္ဍ၏ စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ပြီး ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်လာမှုနှင့် မဲခေါင်ဒေသအတွင်း ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက တရုတ်နိုင်ငံအနေဖြင့် မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများတွင် ဆက်လက်လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုစီမံကိန်းသည် မြန်မာနိုင်ငံ၏ စားသောက်ကုန်ကဏ္ဍ စွမ်းအင်ထိရောက်မှုအတွက် ကောင်းမွန်သည့်ရလဒ်များကို ဆက်လက်ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ)မှ ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ လာအိုဒီမိုကရက်တစ်နိုင်ငံမှ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် စီမံကိန်းအောင်မြင်မှုရလဒ်များကိုလည်းကောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက စီမံကိန်း၌ စွမ်းအင်အကျိုးရှိ ထိရောက်စွာသုံးစွဲရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး အလုပ်ရုံဆွေးနွေးပွဲကို အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင် စွမ်းအင်အကျိုးရှိစွာသုံးစွဲရေး ရှေ့ပြေးစီမံကိန်း အောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်တွင်း လူမှုရေးအသင်းအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ယနေ့လုပ်ငန်းညှိနှိုင်း အစည်းအဝေးသည် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ပြည်ထောင်စုအဆင့် အသင်းအဖွဲ့ မှတ်ပုံတင်လက်မှတ်ရရှိရေး ထောက်ခံထားသော ပြည်တွင်း အသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်သူများအကြား သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေး၊ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး၊ စနစ်တကျတုံ့ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးတွင် ဝန်ကြီးဌာနနှင့် အတူလက်တွဲ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါကြောင်း။

ဒေသတွင်းအဆင့်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ အာဆီယံ သဘောတူညီချက် လုပ်ငန်းစီမံချက် (၂၀၂၆-၂၀၃၀)၏ပင်မလုပ်ငန်းတွင် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ၌ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများ ပါဝင်နိုင်သည့် လုပ်ငန်းအစီအစဉ်ကိုထည့်သွင်းရေးဆွဲထားပါကြောင်း၊ နိုင်ငံအဆင့်၌ ဝန်ကြီးဌာန၏ မူဝါဒတွင် ပြည်သူလူထု၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် ပွင့်လင်းမြင်သာထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီစေရန်ဟုထည့်သွင်းပြီး အဖွဲ့အစည်းများနှင့် ပူးပေါင်းမှုကို အလေးထားတိုးမြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံနှင့်ပူးပေါင်း ကျင်းပသော မြန်မာ သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးအဖွဲ့ (Myanmar Disaster Response Team-MDRT) သင်တန်းများ၊ One ASEAN One Response (OAOR) Road Show တို့၌ ပြည်တွင်းအသင်းအဖွဲ့မှ ကိုယ်စားလှယ်များကို ဖိတ်ကြားပါဝင်စေသကဲ့သို့ အာဆီယံကကျင်းပပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲများသို့ ပါဝင်တက်ရောက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဖွဲ့အစည်းအလိုက် ပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့်စပ်လျဉ်း၍ မလိုလားအပ်သော ကိစ္စရပ်များ မဖြစ်ပေါ်စေရေး/မလိုလားအပ်သည့်နေရာများသို့ မရောက်ရှိစေရေး အထူးအလေးထား ဆောင်ရွက်ပေးကြရန် လုပ်ငန်းဆိုင်ရာများ အကျိုးရှိထိရောက်စွာနှင့် စနစ်တကျရှိစေရေး၊ မိမိတို့ဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။



ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်ကိုကျင်းပပြုလုပ်ရာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တည်ဆဲ လုပ်ထုံးလုပ်နည်းများ၊ ဦးစီးဌာနမှဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ပြည်တွင်းလူမှုရေး အသင်းအဖွဲ့များက အဖွဲ့အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများတွင် ဦးစီးဌာနနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို အပြန်အလှန်ဆွေးနွေးကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာအရာထမ်းများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်ရွှေမြို့၌ မြို့နယ်အဆင့် ကာကွယ်ဆေးထိုးနှံ / တိုက်ကျွေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး အသိပေးဆွေးနွေး



**ညောင်ရွှေ ဇန်နဝါရီ ၂၇**

မြို့နယ်အဆင့် ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး အသိပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်စစ်ထွန်းက ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

## ပခုက္ကူတက္ကသိုလ်၌ အထူးပြုဘာသာရပ်ပေါင်းစုံ(အမျိုးသား) ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ ကျင်းပ

**ပခုက္ကူ ဇန်နဝါရီ ၂၇**

ပခုက္ကူတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အထူးပြုဘာသာရပ်ပေါင်းစုံ(အမျိုးသား)ပိုက်ကျော်ခြင်းပြိုင်ပွဲကို အဆိုပါတက္ကသိုလ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ယနေ့ကျင်းပရာ ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲအုပ်စု အဖွင့်ပွဲစဉ်အဖြစ် ဘူမိဗေဒဌာနနှင့် သင်္ချာဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ သင်္ချာဌာနအသင်းက နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် ဓာတုဗေဒဌာနနှင့် ရူပဗေဒအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဓာတုဗေဒဌာနအသင်းက နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ပြိုင်ပွဲတွင် ပခုက္ကူတက္ကသိုလ်၊ အထူးပြုဘာသာရပ်ပေါင်းစုံမှ အသင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **ဘာမီသာ(ပခုက္ကူ)**

# ဂမ်ဘီယာနှင့် မြန်မာအမှု၏ ကြားနာပွဲ ဆက်လက်ပြုလုပ်




**နေပြည်တော် ဇန်နဝါရီ ၂၇**

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ(Oral Hearing)ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ပြုလုပ်လျက်ရှိရာ ဂမ်ဘီယာက ဒုတိယအကျော့ လျှောက်လဲမှုကို ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီက စတင်သည်။

ကြားနာပွဲသို့ ယခင်တက်ရောက်နေကျ တရားသူကြီး ၁၄ ဦးအပြင် တရုတ်နိုင်ငံ တရားသူကြီး Mrs. Xue ပါဝင်ခဲ့ပြီး စုစုပေါင်း တရားသူကြီး ၁၅ ဦး တက်ရောက်သည်။

ဂမ်ဘီယာနိုင်ငံ၏ ဦးဆောင်ရှေ့နေနှင့် ရှေ့နေများက မြန်မာနိုင်ငံသည် ဘင်္ဂါလီများအား လူမျိုးသုဉ်းစေလိုသည့်ရည်ရွယ်ချက်ရှိကြောင်း စွပ်စွဲလျှောက်လဲခဲ့ကြပြီး ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဂမ်ဘီယာနိုင်ငံ၏ ဒုတိယအကျော့ လျှောက်လဲချက်များကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အပြည်ပြည်ဆိုင်ရာတရားရုံး၌ မြန်မာကိုယ်စားလှယ်အဖွဲ့၏ တုံ့ပြန်ချေပလျှောက်လဲချက်များအား ထောက်ခံဂုဏ်ပြုပွဲ ရန်ကုန်မြို့၌ ပြုလုပ်



**ရန်ကုန် ဇန်နဝါရီ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် တရားမျှတသောအမှန်တရားအတွက် နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ မြန်မာကိုယ်စားလှယ်အဖွဲ့၏ တုံ့ပြန်ချေပလျှောက်လဲချက်များအား ထောက်ခံဂုဏ်ပြုပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ ယာဉ်ရပ်နားကွင်း၌ ပြုလုပ်သည်။

ဦးစွာ ထောက်ခံပွဲတက်ရောက်လာကြသည့် ပြည်သူများက နိုင်ငံတော်သီချင်း သံပြိုင်သီဆို၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ဆရာတော် အရှင်သုစိတ္တနှင့် ဦးဝင်းကိုကိုလတ်တို့က အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် နိုင်ငံတကာဥပဒေများနှင့်အညီ တုံ့ပြန်ချေပလျှောက်လဲနေသော ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးတို့ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ထောက်ခံအားပေးဂုဏ်ပြုကြောင်း ဟောပြောကြသည်။

ယင်းနောက် သဘောထားထုတ်ပြန်ချက်ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ဦးထိန်လင်းက ဖတ်ကြားပြီး ကြွေးကြော်သံများ စုပေါင်းကြွေးကြော်ကာ ထောက်ခံပွဲ အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

# အပြည်ပြည်ဆိုင်ရာတရားရုံး၌ ခုခံချေပလျှောက်လဲလျက်ရှိသည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား မွန်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူအပေါင်းက ကြိုဆိုထောက်ခံ



**မော်လမြိုင် ဇန်နဝါရီ ၂၇**

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏အမှုနှင့်ပတ်သက်၍ ကြားနာပွဲ (Oral Hearing) ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်လျက်ရှိပြီး နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့က တရားမျှတမှုနှင့် အမှန်တရားကို လက်ကိုင်ထား၍ မြန်မာနိုင်ငံအတွက် ခုခံချေပလျှောက်လဲလျက်ရှိရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအပေါင်းက ကြိုဆိုထောက်ခံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့၌ ပြုလုပ်သည်။

ဦးစွာ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အလံများကိုင်ဆောင်ကာ မော်လမြိုင်မြို့ ပြည်နယ်ခန်းမမှ မြစ်ကမ်းသာကစားကွင်းအထိ ကမ်းနားလမ်းတစ်လျှောက် စီတန်းချီတက်ပြီး ကြိုဆိုထောက်ခံကြသည်။

ထို့နောက် မြစ်ကမ်းသာကစားကွင်း၌ ပြည်သူများက နိုင်ငံတော်အလံအားအလေးပြု၍ နိုင်ငံတော်သီချင်း သံပြိုင်သီဆိုကြသည်။

ယင်းနောက် ဆရာတော် ဦးတေဇဝံသနှင့် ဦးဇော်ဟိန်းတို့က မိမိတို့ နိုင်ငံတော်အပေါ် မတရားစွပ်စွဲလုပ်ဆောင်မှုများကို တရားဥပဒေနှင့်အညီ ယုံကြည်မှုအခြေခံ၍ ပြတ်ပြတ်သားသား ရင်ဆိုင်ဖြေရှင်းနေခြင်းကို အပြည့်အဝ ကြိုဆိုထောက်ခံပါကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်မှုသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်စဉ်အမှန်များကို ပုံဖော်ပြသနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက သိရှိနားလည်သွားစေရန်နှင့် ယုံကြည်မှုရှိလာစေရေးအတွက်လည်း အရေးပါသော အချက်တစ်ခုပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ကိုယ်စား ICJ သို့သွားရောက်၍ မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာ၊ အကျိုးစီးပွားနှင့်သက်ဆိုင်သော ကိစ္စရပ်များအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက် ကြိုဆိုထောက်ခံဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းနှင့် နိုင်ငံတော်၏ မူဝါဒသဘောထားများနှင့် တစ်သားတည်းရပ်တည်လျက်ရှိနေကြောင်းတို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

## သဘောထားထုတ်ပြန်ကြေညာချက်

**"သဘောထားထုတ်ပြန်ချက်"**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် လက်ရှိ ရင်ဆိုင်နေရသည့် အကြောင်းခြင်းရာများသည် ဥပဒေရေးရာကိစ္စတစ်ခုတည်းမဟုတ်ဘဲ မိမိတို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ ပြည်ထောင်စုဖွား နိုင်ငံသား/တိုင်းရင်းသားလူမျိုးတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာနှင့် အမျိုးသားရေးအကျိုးစီးပွား၊ နိုင်ငံ့နယ်နိမိတ်အပိုင်းအခြားနှင့် နိုင်ငံတော်လုံခြုံမှု ကာကွယ်ရေးတို့ပါ ထိခိုက်လာစေနိုင်သည့်အတွက် နိုင်ငံတကာတရားရုံး(ICJ)တွင် နိုင်ငံတကာဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း ရပ်တည်ဖြေရှင်းနေကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ မိမိတို့ပါတီအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ကိုယ်စား နိုင်ငံတကာတရားရုံး(ICJ)သို့ သွားရောက်၍ မိမိတို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နိုင်ငံသား/တိုင်းရင်းသားပြည်သူလူထုတို့၏ ဂုဏ်သိက္ခာနှင့် အမျိုးသားရေးအကျိုးစီးပွားများနှင့်သက်ဆိုင်သည့် မတရားစွပ်စွဲချက်ကိစ္စရပ်များအတွက် ဥပဒေကြောင်းအရ ပကတိဖြစ်စဉ် အမှန်တရားများကို ရင်ဆိုင်ဖြေရှင်းနေသည့် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို အလေးအနက်ထား ကြိုဆိုထောက်ခံပါကြောင်းနှင့် ခမီ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေဖြင့် နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်နေသည့် မူဝါဒလုပ်ငန်းစဉ်များနှင့် တစ်သွေးတည်း၊ တစ်သားတည်းရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**

## သဘောထားထုတ်ပြန်ကြေညာချက်

**ရခိုင်တိုင်းရင်းသားများပါတီ(RNP)**

**သဘောထားထုတ်ပြန်ကြေညာချက် (၁/၂၀၂၆)**

**ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက်**

၁။ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ၂၀၁၇ ခုနှစ်က ဖြစ်ပွားခဲ့သော ပဋိပက္ခနှင့်စပ်လျဉ်း၍ လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ကြောင်း နယ်သာလန်နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ နိုင်ငံတကာတရားရုံး(ICJ)တွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအား စွပ်စွဲခဲ့သည်မှာ ၆ နှစ်ကျော်မျှ ကြာမြင့်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ၎င်းတရားစွဲဆိုမှုသည် မြန်မာနိုင်ငံရှိ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ နိုင်ငံရေးပါတီတစ်ရပ်ရပ်အား စွဲဆိုခြင်းမဟုတ်ဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား စွဲဆိုခြင်းဖြစ်သည်ဟု မှတ်ယူပါသည်။

၃။ ထိုတရားစွဲဆိုမှု၏ နောက်ဆက်တွဲအကျိုးဆက်အား အလျင်ဆုံးခံစားရမည့်သူများမှာ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများဖြစ်သည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါသည်။

၄။ ရခိုင်တိုင်းရင်းသားပြည်သူများနှင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ တိုင်းရင်းသားမိဘပြည်သူများကိုယ်စား အမှန်တရားအတွက် နိုင်ငံတကာတရားရုံး(ICJ)တွင် ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၂၉ ရက်နေ့အတွင်း ခုခံချေပလျှောက်လဲလျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးများဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရခိုင်တိုင်းရင်းသားများပါတီ(RNP)အနေဖြင့် ကြိုဆိုထောက်ခံပါကြောင်းနှင့် အထူးကျေးဇူးတင်ရှိပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ရခိုင်တိုင်းရင်းသားများပါတီ**

# သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ကြပါစို့ . . .

■ ကျော်နိုင်ဦး(ပတ်ဝန်းကျင်) ■

*** ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုတာ လက်ရှိလူသားတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းရင်းနဲ့ အနာဂတ်မျိုးဆက်သစ်တွေရဲ့ လိုအပ်ချက်ကိုလည်း မထိခိုက်စေဘဲ ဖြည့်ဆည်းပေးနိုင်မယ့် စီးပွားရေး၊ လူမှုရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတဲ့ ကဏ္ဍသုံးရပ်ကို ဟန်ချက်ညီညီဆောင်ရွက်တဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်**

*** သယံဇာတတွေ လျော့ပါးမသွားရလေအောင် တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ရင်းနဲ့ သန့်ရှင်းသာယာတဲ့ ပတ်ဝန်းကျင်တစ်ရပ်ဖြစ်ပေါ်စေရေးဟာ နိုင်ငံသားတိုင်းရဲ့ သမိုင်းပေးတာဝန်ပဲဖြစ်**

*** သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာ မိမိကိုယ်ကို ချစ်မြတ်နိုးခြင်းသာမက မိမိရဲ့မိသားစု၊ အနာဂတ်မျိုးဆက်တွေနဲ့ အမိနိုင်ငံတော်ကို တန်ဖိုးထားချစ်မြတ်နိုးတဲ့ လက်တွေ့လုပ်ဆောင်မှုတစ်ခုဖြစ်**

ကမ္ဘာပေါ်က နိုင်ငံတိုင်းမှာ ဖွံ့ဖြိုးတိုးတက်မှုရရှိဖို့ အရှိန်အဟုန်မြှင့်တင် လုပ်ဆောင်နေကြပြီး ထိုသို့ဆောင်ရွက်ကြတဲ့လုပ်ငန်းတွေဟာ သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေ သဟဇာတဖြစ်မှသာ အမှန်တကယ်အဓိပ္ပာယ်ရှိပြီး ပြည့်စုံပါလိမ့်မယ်။ သဘာဝပတ်ဝန်းကျင် ထိခိုက်ယိုယွင်းသွားတဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ အဓိပ္ပာယ်ရှိတဲ့ဖွံ့ဖြိုးမှု မဖြစ်နိုင်ပါ။

ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုတာ လက်ရှိလူသားတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းရင်းနဲ့ အနာဂတ်မျိုးဆက်သစ်တွေရဲ့ လိုအပ်ချက်ကိုလည်း မထိခိုက်စေဘဲ ဖြည့်ဆည်းပေးနိုင်မယ့် စီးပွားရေး၊ လူမှုရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတဲ့ ကဏ္ဍသုံးရပ်ကို ဟန်ချက်ညီညီဆောင်ရွက်တဲ့ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဆောင်ကြတဲ့အခါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဒါမှသာ ကျွန်ုပ်တို့အားလုံးလိုလားတဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိပိုင်ဆိုင်နိုင်ကြပြီး နိုင်ငံတော်သာယာဝပြောစေမှာ ကေန်ဖြစ်ပါတယ်။

သဘာဝတရားရဲ့ပင်ကိုစွမ်းအင်နဲ့ အချိုးကျသာယာလှပနေခဲ့တဲ့ ဤကမ္ဘာမြေကြီးဟာ ကျွန်ုပ်တို့လူသားတွေရဲ့ လုပ်ဆောင်မှုတွေကြောင့် ယနေ့အချိန်မှာ သယံဇာတတွေ လျော့နည်းလာမှုနဲ့အတူ ပတ်ဝန်းကျင်ယိုယွင်းမှုတွေကို ကြုံတွေ့နေရပါတယ်။ နေ့စဉ်နဲ့အမျှ ကမ္ဘာ့လူဦးရေ တိုးပွားလာနေပြီး ဆန်းသစ်တဲ့နည်းပညာတွေ တိုးတက်လာခြင်း၊ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းနဲ့ စည်းကမ်းမဲ့ လုပ်ဆောင်မှုတွေကြောင့် သဘာဝပတ်ဝန်းကျင်ဟာ ယိုယွင်းလာရပါတယ်။ လူသားတွေရဲ့ လုပ်ဆောင်မှုအမျိုးမျိုးကို ခြုံငုံကြည့်ရင် ရုပ်ကြွင်းလောင်စာတွေ အများအပြားတူးဖော်ထုတ်လုပ်ခြင်း၊ သစ်နဲ့သစ်တောထွက်ပစ္စည်းတွေ အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ ညစ်ညမ်းတဲ့စွန့်ပစ်ရေနဲ့ ညစ်ညမ်းပစ္စည်းတွေ စွန့်ပစ်ခြင်း၊ အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းဆိုတဲ့ အဓိကအချက်လေးချက်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

နောက်ဆက်တွဲဆိုးကျိုးအနေနဲ့ ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းခြင်းနဲ့ ဇီဝမျိုးစုံမျိုးကွဲတွေ မျိုးသုဉ်းပျောက်ကွယ်ခြင်းဆိုတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ အဓိက ဆက်စပ်ပြဿနာသုံးရပ်ကို ယနေ့ကမ္ဘာပေါ်က လူသားတွေ ရင်ဆိုင်ကြုံတွေ့လာကြရပါတယ်။

သန့်ရှင်းလတ်ဆတ်တဲ့လေကို မရှူရှိုက်ကြရတဲ့ ကမ္ဘာ့လူသားသန်းပေါင်းများစွာရှိနေပြီး UNEP ရဲ့ ၂၀၂၂ ခုနှစ် စစ်တမ်းတွေအရ ညစ်ညမ်းတဲ့လေကို ရှူရှိုက်နေကြရလို့ နှစ်စဉ်လူဦးရေ ၈ ဒသမ ၁ သန်းခန့်ဟာ အရွယ်မတိုင်မီ သေဆုံးနေရကြောင်း သိရှိရပါတယ်။ ဒ့ါအပြင် သန့်ရှင်းဘေးကင်းတဲ့သောက်သုံးရေ မရရှိကြတဲ့ ကမ္ဘာ့လူသားများစွာရှိနေပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ရဲ့ ခန့်မှန်းချက်အရ နှစ်စဉ်လူဦးရေ ၃ သန်းခန့်ဟာ ရေထုညစ်ညမ်းမှုကြောင့် အသက်သေဆုံးနေကြရကြောင်း လေ့လာသိရှိရပါတယ်။ ရေထုညစ်ညမ်းမှုကြောင့် ရေနေသတ္တဝါတွေ ကျက်စားရာ ဂေဟစနစ်တွေ ပျက်စီးလာပြီး ဇီဝမျိုးစုံမျိုးကွဲတွေလည်း မျိုးသုဉ်းပျောက်ကွယ်လာရပါတယ်။ ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းကစပြီး ကမ္ဘာ့အပူချိန်ဟာ သိသိသာသာ မြင့်တက်လာတဲ့အတွက် အကျိုးဆက်အနေနဲ့ နိုင်ငံအများအပြားမှာ ရာသီဥတုပြောင်းလဲမှုတွေ ဖြစ်ပေါ်လျက်ရှိပြီး သဘာဝဘေးတွေ တစ်နှစ်ထက်တစ်နှစ် အကြိမ်ရေများများနဲ့ ပိုမိုပြင်းပြင်းထန်ထန် ရင်ဆိုင်ခံစားကြရပါတယ်။

ပတ်ဝန်းကျင်ယိုယွင်းမှုနဲ့ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကို ကျွန်ုပ်တို့မြန်မာနိုင်ငံဟာလည်း အခြားကမ္ဘာ့နိုင်ငံတွေနည်းတူ ခံစားလာရပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာ အပူချိန်မြင့်မားခြင်း၊ မိုးရွာသွန်းမှုပုံစံတွေ ပြောင်းလဲလာခြင်း၊ ရေကြီးရေလျှံမှုများ ပိုမိုများပြားလာခြင်း၊ အချို့ဒေသတွေမှာ မိုးခေါင်ရေရှားခြင်း၊ ကမ်းရိုးတန်းဒေသတွေမှာ နှစ်စဉ်လိုလို မုန်တိုင်း တိုက်ခတ်ဝင်ရောက်မှု အကြိမ်ရေများလာခြင်းနဲ့ ပိုမိုပြင်းထန်လာခြင်း၊ မုတ်သုံကာလ တိုတောင်းလာခြင်းစတဲ့ ဖြစ်စဉ်တွေကို ရင်ဆိုင်ကြုံတွေ့ကြရပါတယ်။

ဒီအခြေအနေတွေကို ကြိုတင်ကာကွယ်လျော့ချနိုင်ဖို့ ကျွန်ုပ်တို့နိုင်ငံမှာ မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ (၂၀၁၉)ကို ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်နေကြသူအားလုံးရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ကျန်းမာပျော်ရွှင်ဖို့အတွက် သန့်ရှင်းတဲ့ ပတ်ဝန်းကျင်နဲ့ ကောင်းမွန်တဲ့ဂေဟစနစ်ကိုထိန်းသိမ်းနိုင်ဖို့ အဆိုပါမူဝါဒကို ထုတ်ပြန်ချမှတ်ထားတာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ၂၀၁၄ ခုနှစ်မှာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို အစိုးရဌာန၊ အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းတွေနဲ့ ပုဂ္ဂလိကကဏ္ဍတို့ လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိကြပါတယ်။ ဒ့ါအပြင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှုနည်းသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်လာစေဖို့အတွက် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀)ကို ရေးဆွဲချမှတ်ထားပြီးလည်း ဖြစ်ပါတယ်။

နိုင်ငံတော် ထာဝစဉ်စိမ်းလန်းသန့်ရှင်းပြီး ကောင်းမွန်မှုတတဲ့ ပတ်ဝန်းကျင်ကို ဖော်ဆောင်နိုင်ဖို့အတွက် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀) ကို ထုတ်ပြန်ခဲ့ပြီး သက်ဆိုင်ရာဌာနတွေ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိကြပါတယ်။ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေကြောင့် လူမှုပတ်ဝန်းကျင်အပေါ် သိသာထင်ရှားတဲ့ ဆိုးကျိုးသက်ရောက်မှုတွေ မဖြစ်ပေါ်စေဖို့အတွက် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကြောင့် ညစ်ညမ်းမှုတွေထိန်းချုပ်နိုင်ဖို့အတွက် အခြေခံစည်းမျဉ်းအဖြစ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကို သတ်မှတ်ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။

ကုန်းမြေပေါ်က စတင်အခြေပြုထွက်ရှိလာတဲ့ ပလတ်စတစ်ညစ်ညမ်းမှုတွေကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ လူသားတို့ရဲ့ကျန်းမာရေးနဲ့ အဏ္ဏဝါပတ်ဝန်းကျင်အပါအဝင် ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများမှ ကာကွယ်တားဆီးရန် ရည်ရွယ်ပြီး အမျိုးသားအဆင့် ပလတ်စတစ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၅) ကိုလည်း ထုတ်ပြန်ထားရှိပြီးဖြစ်ကာ နိုင်ငံတော်သာယာဖို့နဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ ချမ်းသာကြွယ်ဝမှုဟာ အဆိုပါနိုင်ငံရဲ့ ပြည်သူတွေ၊ ယဉ်ကျေးမှု အမွေအနှစ်တွေ၊ ပတ်ဝန်းကျင်နဲ့ သဘာဝသယံဇာတတွေ အပေါ်မှာ အဓိကမှီတည်နေတယ်လို့ ဆိုကြပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် အမျိုးအစားစုံလင်တဲ့ သဘာဝသစ်တောကြီးတွေ၊ ဂေဟစနစ်တွေ၊ ဇီဝမျိုးစုံမျိုးကွဲတွေ၊ လွတ်လပ်စွာ ယှက်ဖြာစီးဆင်းနေတဲ့ မြစ်ချောင်းအင်းအိုင်တွေနဲ့ မြေပေါ်မြေအောက် အဖိုးတန်သဘာဝသယံဇာတတွေ လွန်စွာပေါကြွယ်ဝပြီး ဒါတွေဟာ နိုင်ငံ့စီးပွားရေးနဲ့ ပြည်သူများရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လွန်စွာ အထောက်အကူပြုတဲ့ အခြေခံအုတ်မြစ်တွေ ဖြစ်ပါတယ်။ ဒီသယံဇာတတွေ လျော့ပါးမသွားရလေအောင် တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ရင်းနဲ့ သန့်ရှင်းသာယာတဲ့ ပတ်ဝန်းကျင်တစ်ရပ်ဖြစ်ပေါ်စေရေးဟာ နိုင်ငံသားတိုင်းရဲ့ သမိုင်းပေးတာဝန်ပဲ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရနဲ့ သက်ဆိုင်ရာဌာနတွေက နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို အလေးထားဆောင်ရွက်နေကြသလို ကျွန်ုပ်တို့ပြည်သူလူထု တစ်ရပ်လုံးကလည်း ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာဗဟုသုတတွေကို အချင်းချင်းမျှဝေ စည်းရုံးလှုံ့ဆော်ခြင်း၊ သစ်တော၊ သစ်ပင်တွေကို ချစ်မြတ်နိုးပြီး တစ်နိုင်တစ်ပိုင် ပြုစုစိုက်ပျိုးခြင်း၊ ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေနိုင်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက်အပါအဝင် မှန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမယ့် အလေ့အထတွေကို သတိပြုရှောင်ကြဉ်ခြင်း၊ စွမ်းအင်နဲ့လျှပ်စစ်ကို ချွေတာသုံးစွဲခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေကို ရယူသုံးစွဲခြင်း၊ ကြွပ်ကြွပ်အိတ်နဲ့ တစ်ခါသုံးပလတ်စတစ် သုံးစွဲမှုတွေကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ခြင်း၊ မိမိတို့နေထိုင်ရာ မြို့၊ ရွာပတ်ဝန်းကျင်ကို အမြဲတစေသန့်ရှင်းနေစေခြင်း၊ (3R) လို့ခေါ်တဲ့ လျှော့ချသုံးစွဲခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဆိုတဲ့စနစ်တွေကို လိုက်နာကျင့်သုံးခြင်း၊ ပိုးသတ်ဆေးနဲ့ ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်းတွေ အလွန်အကျွံသုံးစွဲမှုမှ ရှောင်ကြဉ်ခြင်း၊ အဖိုးတန်ရေချိုကို ချွေတာသုံးစွဲခြင်း၊ ညစ်ညမ်းမှုတွေ မဖြစ်ရလေအောင် အမှိုက်တွေကို စနစ်တကျစွန့်ပစ်ခြင်း၊ ထုတ်ပြန်ထားတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်တွေကို အလေးထားလိုက်နာခြင်းစတာတွေကို အလေ့အထတစ်ခု ဖြစ်တဲ့အထိ ကျင့်သုံးလိုက်နာ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

လူတစ်ဦးတစ်ယောက်ချင်းစီရဲ့ အသေးအဖွဲ့ အမူအကျင့်လေးတွေကအစ နေ့စဉ်ပြောင်းလဲပြီး နိုင်ငံကြီးသားပီသစွာနဲ့ ပြုမူနေထိုင်ကြမယ်ဆိုရင် သဘာဝပတ်ဝန်းကျင် ထိခိုက်ညစ်ညမ်းမှုတွေ သိသိသာသာလျော့နည်းလာမှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်တဲ့ လုပ်ငန်းတွေ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြတဲ့အခါ ဥတုရာသီ ညီညွတ်မျှတပြီး စိုက်ပျိုးသီးနှံတွေ ပိုမိုအောင်မြင်ဖြစ်ထွန်းကာ နေ့စဉ်စားဝတ်နေရေးနဲ့ စားရေရိက္ခာ ပြည့်ဖြိုးဖူလုံလာမှာ ဖြစ်ပါတယ်။

ဒီအခါ စိုက်ပျိုးမွေးမြူရေးကိုအခြေခံတဲ့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝတွေ စဉ်ဆက်မပြတ်မြင့်မားလာနိုင်မှာ ဖြစ်ပါတယ်။ သန့်ရှင်းတဲ့ ရေ၊ မြေ၊ လေကို ရယူခံစားရင်း နိုင်ငံသားတွေရဲ့ ကျန်းမာရေးနဲ့ ပညာရေးအဆင့်တွေ တိုးတက်လာစေမှာဖြစ်ပါတယ်။ သဘာဝဘေးဆိုးတွေ လျော့ပါးသက်သာပြီး လူနေမှုအဆင့်အတန်းတွေ မြင့်မားလာကြမှာ ဖြစ်ပါတယ်။ စီးပွားရေးနဲ့ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းတွေ ရေရှည်တည်တံ့ခိုင်မြဲကာ ကြွယ်ဝချမ်းသာမှုကို ရရှိကြပြီး နိုင်ငံတော် ပိုမိုသာယာလှပစေမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြသူတိုင်းဟာ ကျန်းမာသန့်ရှင်းတဲ့ ပတ်ဝန်းကျင်ကို အပြည့်အဝခံစားနိုင်ခွင့်ရှိသလို အဆိုပါ ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှု မရှိရလေအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမယ့် တာဝန်လည်းရှိပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာ မိမိကိုယ်ကို ချစ်မြတ်နိုးခြင်းသာမက မိမိရဲ့မိသားစု၊ အနာဂတ်မျိုးဆက်တွေနဲ့ အမိနိုင်ငံတော်ကို တန်ဖိုးထားချစ်မြတ်နိုးတဲ့ လက်တွေ့လုပ်ဆောင်မှုတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ကောင်းမွန်စိမ်းလန်းတဲ့ မြန်မာနိုင်ငံတော်အဖြစ် သားစဉ်မြေးဆက် လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ဖို့အတွက် **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့** ဆိုတဲ့ လမ်းညွှန်ဆောင်ပုဒ်နဲ့အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို အလေးထားပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ။

# မှော်ဘီမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို ယနေ့နံနက်ပိုင်းက မှော်ဘီမြို့ရှိ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်အားပေးသည်။



ဦးစွာ ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကအဖွဲ့တို့က ဖျော်ဖြေတင်ဆက်ကြပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများ၏ စာစီစာကုံး၊ ကျပန်း၊ စာဖတ်စွမ်းရည်၊ စိတ်ကြိုက်ပန်းချီ၊ ဉာဏ်စမ်း ပဟေဠိ၊ ကဗျာရွတ်ဆို၊ ပုံပြင်ပြော၊ အင်္ဂလိပ်စာ စွမ်းရည်နှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများ၊ စာပေစကားဝိုင်းဆွေးနွေးမှုများကို ကြည့်ရှုအားပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စကားဝိုင်းဆွေးနွေးပွဲ ဦးဆောင်ဆွေးနွေးသူများနှင့် ပါဝင်ဆွေးနွေးသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် နံရံကပ်စာစောင်၊ ခေတ်ပုံနှင့်စာအုပ်ပြပွဲ၊ ပညာရေးဌာနပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းပြခန်း၊ မီးသတ်ဦးစီးဌာနပြခန်း၊ ဂိမ်းကစားနည်းပြိုင်ပွဲများ၊ တီထွင်ဆန်းသစ်မှုပြခန်းနှင့် စာအုပ်အရောင်းဆိုင်များကို ကြည့်ရှုအားပေးပြီး ကျောင်းသား၊ ကျောင်းသူများကို သုတ/ ရသ စာအုပ်များပေးအပ်ကာ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ စာရေးဆရာ မောင်ချိုဝေက စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး ဉာဏပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဟောပြောဆွေးနွေးပေးသည့် စာရေးဆရာ မောင်ချိုဝေကို ဂုဏ်ပြုလက်ဆောင်၊ ဖျော်ဖြေရေးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးအား ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယမန့်နေ့ကလည်း ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၄) ခရိုင် အသက် (၂၁) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ တက်ရောက်သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်မှပေးအပ်သည့် ချီးမြှင့်ငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား ပေးအပ်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဘင်ခရာနှင့် ပန်းဖွားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။

ဆက်လက်၍ ပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် ဒဂုံမြို့သစ် ခရိုင်အသင်းနှင့် မရမ်းကုန်းခရိုင်အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးကျင်းပ

**မုံရွာ ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၁/၂၀၂၆) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံဝင်ရောက်လာရန်၊ ဝင်ရောက်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရန်နှင့် ပိုမိုတိုးတက်အောင်မြင်ရန် ပူးပေါင်းဆောင်ရွက်ကြရေးအမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဇန်နဝါရီလအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရာနှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် နှစ်ဘီး၊ သုံးဘီးဆိုင်ကယ် အပိုပစ္စည်းအမျိုးမျိုး တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်နှင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့် သံနှင့်သံမဏိ အခြေခံပစ္စည်းထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ခွင့်ပြုရန် တင်ပြလာခြင်းကိစ္စများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။




**တိုင်းဒေသကြီး(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

- အကယ်၍ ရောဂါဖြစ်ပွားရာဒေသမှ ပြန်လာပြီး (၁၄) ရက်အတွင်း အထက်ဖော်ပြပါ သံသယရောဂါ လက္ခဏာများခံစားရပါက ချက်ချင်းနီးစပ်ရာ ကျန်းမာရေးဌာနသို့ ဆက်သွယ်ရန်လိုအပ်ပြီး ရောဂါဖြစ်ပွားရာဒေသသို့ ခရီးသွားခဲ့သည့်ရာဇဝင်ရှိကြောင်းကို ဆရာဝန်အား သေချာစွာ ပြောပြ၍ လိုအပ်သည့် စမ်းသပ်စစ်ဆေးကုသမှုများကို အချိန်မီခံယူရန်၊
- မိသားစုတွင်ရောဂါဖြစ်ပွားရာနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသည့် သံသယဖြစ်ဖွယ် ရောဂါလက္ခဏာရှိသူများကို တွေ့ရှိပါကလည်းကောင်း၊ နေထိုင်ရာပတ်ဝန်းကျင်တွင် တိရစ္ဆာန်များ (ဝက်/လင်းနို့) တို့ ထူးထူးခြားခြား သေဆုံးနေသည်ကိုတွေ့ရှိရပါကလည်းကောင်း နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းအသိပေးအကြောင်းကြားရန်။

**ကျန်းမာရေးဝန်ကြီးဌာန**
**(၂၇-၁-၂၀၂၆)**

❒ *ကျောဖုံးမှ*

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ပြီး ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက အောင်သပြေပန်းများ၊ ပန်းစည်းများ၊ ပန်းကုံးများ၊ အချိုရည်များ၊ အိုးစည်ဒိုးပတ်များဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး ဒုတိယတိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအားပေးစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ *ကျောဖုံးမှ*

ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် အဲဗာတန်အသင်းက ရမှတ် ၃၃ မှတ်ဖြင့် အဆင့် (၁၀) တွင် ရပ်တည်နေပြီး ပြိုင်ဘက်လိဒ်စ်အသင်းက ရမှတ် ၂၆ မှတ်ဖြင့် အဆင့် (၁၆) တွင် ရပ်တည်နေသည်။ လာမည့်ပွဲစဉ်တွင် အဲဗာတန်အသင်းက ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး လိဒ်စ်အသင်းက အမှတ်ပေးဇယားဦးဆောင်သူ အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**



ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အရပ်ရပ်အခွင့်အရေးလိုင်စင်များနှင့် သားသတ်လုပ်ငန်းလိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း အမှာစကား ပြောကြားစဉ်။

ခရိုင်(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# နိုင်ငံတစ်ဝန်းကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့်ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပေးဆွေးနွေးပွဲကျင်းပ

**မကွေး ဇန်နဝါရီ ၂၇**

နိုင်ငံတစ်ဝန်းကာကွယ်ဆေးထိုးလွှမ်းခြုံမှုပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့် ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မကွေးမြို့ မြို့နယ် စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းနှင့်ပတ်သက်သည့် မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးက တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၏ အောင်မြင်မှုများ၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း၏ ရည်ရွယ်ချက်များ၊ တိုးချဲ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း အဓိကရည်ရွယ်ချက်များ၊ အထူးဦးစားပေးအနေဖြင့် ဆောင်ရွက်ခဲ့မှုများ၊ ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းဖြင့် ကာကွယ်၍ရသော ရောဂါဖြစ်ပွား၊ သေဆုံးမှုကို ကာကွယ်နိုင်သည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း (ပြန်/ဆက်)**



# မြိတ်မြို့နယ်၌ ဆိုလာနည်းပညာဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းစီမံကိန်းနှင့်စပ်လျဉ်း၍ သဘောတူစာချုပ် လက်မှတ်ရေးထိုး

**ထားဝယ် ဇန်နဝါရီ ၂၇**

မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု၌ ဆိုလာနည်းပညာဖြင့် ၂၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း စီမံကိန်းနှင့်စပ်လျဉ်း၍ သဘောတူစာချုပ် (Bulld own and Operate – BOO) ကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် Southern Green Power Co.,Ltd တို့ လက်မှတ်ရေးထိုးချုပ်ဆိုသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီး သို့ မဟာဓာတ်အားလိုင်း National Grid မရောက်ရှိသေးသောကြောင့် ခရိုင်၊ မြို့နယ်အလိုက် လျှပ်စစ်မီး ရရှိရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မြိတ်မြို့နယ်တွင် ဒီဇယ်ဖြင့် ဆောင်ရွက်ထားသော်လည်း ယူနစ်ဈေးနှုန်း လျှော့ချနိုင်ရေးအတွက် ဆိုလာနည်းပညာဖြင့် ၂၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအောင်မြင်အောင် ကြိုးစားကြရန်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်သော အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း၊ မြိတ်မြို့နယ်တွင် အသေးစား၊ အလတ်စား၊ အကြီးစားစက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် လျှပ်စစ်မီးယူနစ်ဈေးနှုန်း ကျဆင်းအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Southern Green Power Co.,Ltd တို့အကြား မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စုတွင် ဆိုလာနည်းပညာဖြင့် ၂၀ မဂ္ဂါဝပ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းစီမံကိန်းနှင့် စပ်လျဉ်း၍ တည်ဆောက်၊ ပိုင်ဆိုင်၊ လုပ်ကိုင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဟဲဟိုးအာလူးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့၏ မျိုးအာလူးအအေးခန်းသိုလှောင်ရုံဖွင့်ပွဲ တက်ရောက်ဖွင့်လှစ်

**ကလော ဇန်နဝါရီ ၂၇**

Myanmar United Farmers Agricultural Co.,Ltd ဟဲဟိုး အာလူးစိုက်ပျိုး ထုတ်လုပ်တင်ပို့ ရောင်းချသူများအစုအဖွဲ့၏ မျိုးအာလူး အအေးခန်းသိုလှောင်ရုံ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ကလောမြို့နယ် ညောင်ပင်ခါးရှည်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မျိုးအာလူးအအေးခန်း သိုလှောင်ရုံဖွင့်ပွဲကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ ကလောခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဟဲဟိုး အာလူးအသင်းဥက္ကဋ္ဌ ဦးအောင်သန်းကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မျိုးအာလူး အအေးခန်းသိုလှောင်ရုံဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကိုကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အာလူးသီးနှံ စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် တစ်နိုင်ငံလုံးတွင် ရှမ်းပြည်နယ် အတွင်း ဧရိယာဧကအများဆုံး အဖြစ် ၆၀ ရာခိုင်နှုန်းကျော် စိုက်ပျိုး ထုတ်လုပ်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဧက ၅၁၅၄၀ စိုက်ပျိုးနိုင်ခဲ့ပြီး မိုးစိုက်ဧရိယာများတွင် ၄၁၉၉ ပိဿာနှုန်း ထွက်ရှိပါကြောင်း၊ မျိုးအာလူးများ အရည်အသွေးကျဆင်းမှုနှင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် နောင်တရားတွင် တန် (၂၀၀၀) ဆံ့၊ ဟဲဟိုးမြို့တွင် တန် (၁၀၀၀) ဆံ့၊ အောင်ပန်းမြို့တွင် တန် (၁၃၀၀) ဆံ့နှင့် ပင်းတယမြို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် တန် (၈၅၀) ဆံ့ အာလူးအအေးခန်း သိုလှောင်ရုံများတွင် မျိုးအာလူးများကို သိုလှောင်ထားရှိနိုင်ပြီဖြစ်ကြောင်း၊ ယနေ့တွင် ဟဲဟိုးအာလူးအစုအဖွဲ့၏ တန် (၂၀၀၀) ဆံ့ မျိုးအာလူးအအေးခန်းသိုလှောင်ရုံကို ထပ်မံ ဖွင့်လှစ်နိုင်သည့်အတွက် ဒေသတွင်းအာလူးစိုက် တောင်သူများ၏ မျိုးအာလူး လိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ပြီး အာလူးစိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကူညီပံ့ပိုးပေးမှုများကြောင့် တောင်သူများအနေဖြင့် ပိုးမွှားရောဂါကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်သည့် မျိုးကောင်း မျိုးသန့်အာလူးများကို ဈေးနှုန်း ချိုသာစွာဖြင့် အလွယ်တကူရရှိ စိုက်ပျိုးသွားနိုင်မည်ဖြစ်ပြီး အကျိုးများစွာ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အာလူးစိုက်ပျိုးရေး ကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးပြီး ဟဲဟိုးအာလူးအသင်း ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများအား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မျိုးအာလူး အအေးခန်းသိုလှောင်ရုံ ဖွင့်ပွဲတွင် ကုမ္ပဏီများမှ လာရောက်ခင်းကျင်းပြသသည့် ပြခန်းများနှင့် အာလူး အအေးခန်းသိုလှောင်ရုံ အာလူးမျိုး ယှဉ်ပြိုင် စမ်းသပ်ကွက်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရွှေညောင်မြို့ရှိတောင်ကြီးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၌ ဖူဆယ်အားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်ဆောင်းပါးနှင့် ကာတွန်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အထိမ်းအမှတ်အဖြစ် ဆောင်းပါးနှင့် ကာတွန်းပြိုင်ပွဲများကို **ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချစားသုံးသူဘဝ (Safe Products, Confident Consumers)** ဆောင်ပုဒ်နှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်များအနေဖြင့် အောက်ဖော်ပြပါစည်းကမ်းချက်များနှင့်အညီ ပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

**(က) ဆောင်းပါးပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များ**

(၁) ဆောင်းပါးပြိုင်ပွဲတွင် လိပ်မူပါဌာန အဖွဲ့အစည်းများနှင့် သက်ဆိုင်သည့် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(၂) ဆောင်းပါးပြိုင်ပွဲကို ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ဆောင်ပုဒ်ဖြစ်သည့် **ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချစားသုံးသူဘဝ (Safe Products, Confident Consumers)** ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်။

(၃) ပြိုင်ပွဲဝင်များသည် စားသုံးသူကာကွယ်ရေးဆိုင်ရာ အကြောင်းအရာများနှင့် သတ်မှတ်ထားသော ခေါင်းစဉ်ကို ချိတ်ဆက်၍ ရေးသားယှဉ်ပြိုင်ရမည်။

(၄) ပြိုင်ပွဲဝင်ဆောင်းပါးအား Microsoft Words တွင် Paper Size: A4, Font Type: Pyidaungsu, Font Size: 13, စာကြောင်းအကွာအဝေး 1.2 (Line Spacing: 1.2), စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margin: Normal)ဖြင့် အနည်းဆုံးစာမျက်နှာ (၅)မျက်နှာမှ အများဆုံး (၇) မျက်နှာအထိ ရေးသားပေးပို့ရမည်။

(၅) ပြိုင်ပွဲဝင်ဆောင်းပါးသည် ပုံနှိပ်ထုတ်ဝေထားခြင်း၊ အခြားသတင်းစာ၊ ဂျာနယ်များတွင် ရေးသားဖော်ပြထားခြင်း မဖြစ်စေရ။

(၆) ပြိုင်ပွဲဝင်သူတစ်ဦးလျှင် ဆောင်းပါး(၁)ပုဒ်သာပေးပို့ယှဉ်ပြိုင်ရမည်။

(၇) ပြိုင်ပွဲဝင်ဆောင်းပါးသည် ကိုယ်တိုင်ရေးသားထားသော ဆောင်းပါးဖြစ်ကြောင်း ကတိဝန်ခံချက်ရေးသားပေးပို့ရမည်။

(၈) ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါးများအားပြန်လည်ပေးပို့မည်မဟုတ်ပါ။

(၉) ပြိုင်ပွဲဝင်ဆောင်းပါးကို ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူက သဘောတူခွင့်ပြုရမည်။

**(ခ) ကာတွန်းပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များ**

(၁) ကာတွန်းပြိုင်ပွဲတွင် လိပ်မူပါဌာန၊ အဖွဲ့အစည်းများနှင့်သက်ဆိုင်သည့် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(၂) စားသုံးသူကာကွယ်ရေးနှင့် သက်ဆိုင်သည့် ကာတွန်းဖြစ်ရမည်။

(၃) ပြိုင်ပွဲအတွက် ပေးပို့သောကာတွန်း၏ အဓိပ္ပာယ်/ ရည်ရွယ်ချက်အား စာကြောင်းရေအနည်းငယ်ဖြင့် ကျစ်လျစ်စွာ ဖွင့်ဆိုရေးသားဖော်ပြရမည်။

(၄) စက္ကူအရွယ်အစားမှာ A4 ဆိုဒ်ဖြစ်၍ မည်သည့်ဆေးအမျိုးအစားနှင့်မဆို လက်နှင့်ဖြစ်စေ၊ ကွန်ပျူတာနှင့်ဖြစ်စေ စိတ်ကြိုက်လွတ်လပ်စွာ ရေးဆွဲနိုင်သည်။ **(ရိုးရိုးခဲတံနှင့် မဆွဲရ)**

(၅) ကွန်ပျူတာနည်းပညာအသုံးပြုရေးဆွဲနိုင်သော်လည်း AI နည်းပညာအသုံးပြု၍ တိုက်ရိုက်ပုံတူကူးယူထားသောပုံ မဖြစ်စေရ။

(၆) ပြိုင်ပွဲဝင်ကာတွန်းသည် ပုံနှိပ်ထုတ်ဝေထားခြင်း၊ အခြားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း မရှိသေးသည့် ကာတွန်းဖြစ်ရမည်။

(၇) ပြိုင်ပွဲဝင်တစ်ဦးလျှင် ကာတွန်း (၁) ကွက်သာ ရေးဆွဲယှဉ်ပြိုင်ရမည်။

(၈) မီဒီယာတစ်ခုခုတွင် အသုံးပြုပြီးသား မဖြစ်စေရ။

(၉) ပြိုင်ပွဲဝင်သူများသည် မိမိရေးဆွဲသည့်ပုံရှေ့တွင် လက်မှတ်ရေးထိုးနိုင်သည်။

(၁၀) ဆုရွေးချယ်ခံရခြင်းမရှိသော ကာတွန်းများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(၁၁) ပြိုင်ပွဲဝင်ကာတွန်းကို ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူက သဘောတူခွင့်ပြုရမည်။

၃။ ပြိုင်ပွဲဝင်ဆောင်းပါးနှင့် ကာတွန်းများကို ဆုများစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ဆုများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၂) ဆု စုစုပေါင်း (၅) ဆုကို ချီးမြှင့်မည်ဖြစ်ပြီး ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်သည်။ ဆုရွေးချယ်မှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာအငြင်းပွားဖွယ်ရာ ဖြစ်ပေါ်လာပါက ဆုများစိစစ်ရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၄။ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့တွင် ဆုရရှိသူသည် လက်ရာ၏ မူလပိုင်ရှင်ဖြစ်သော်လည်း လက်ရာများအား အသုံးပြုခွင့်ကို စားသုံးသူရေးရာဦးစီးဌာနသို့ ခွင့်ပြုပေးရမည်ဖြစ်သည်။

၅။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲအမျိုးအစားအလိုက် Hard Copy/ Soft Copy တစ်စုံစီ၊ ကိုယ်တိုင်ဖန်တီးထားခြင်းဖြစ်ကြောင်း ဝန်ခံချက်၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ အဘအမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လိုင်စင်ဓာတ်ပုံ (၃) ပုံ၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူး၊ စားသုံးသူရေးရာဌာနခွဲ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ် (၅၂)၊ နေပြည်တော်၊ ဖုန်းနံပါတ် ၀၆၇-၄၃၀၂၁၇၊ ၀၆၇- ၄၃၀၁၄၉ (သို့မဟုတ်) cpccnaypyitaw@gmail.com သို့ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့၊ နေ့လယ် (၁၄:၀၀) နာရီအချိန် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (ဆောင်းပါးပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ဆောင်းပါးကို Word File အပြင် PDF File ဖြင့်ပါ ပေးပို့ပါရန်။)

၆။ **သတ်မှတ်ရက်ကျော်လွန်ခြင်း သို့မဟုတ် စည်းကမ်းသတ်မှတ်ချက်များနှင့် မကိုက်ညီခြင်း စသည့် ဆောင်းပါးများနှင့် ကာတွန်းများအား ဆုရွေးချယ်ရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

၇။ ဆုရရှိသူများကို ၂၀၂၆ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး အဆိုပါနေ့ရက်မတိုင်မီ ရက်သတ္တပတ် တစ်ပတ်အလိုတွင် ဆုရရှိသူများအား တယ်လီဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားသွားမည် ဖြစ်ပါသည်။

**စားသုံးသူရေးရာဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ဆွေဆွေမြတ် အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားနေမှု သွားရောက်ကြည့်ရှု

**စစ်တွေ ဇန်နဝါရီ ၂၇**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်လျက်ရှိသည့် တိုင်းရင်းသားလူငယ်များအတွက် အဆင့်မြင့်စက်ချုပ်သင်တန်းကို စစ်တွေမြို့၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ ဖွင့်လှစ်သင်ကြားပေးနေမှုကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ဆွေဆွေမြတ်သည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး၊ ရခိုင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့် အဖွဲ့သည် အဆင့်မြင့် စက်ချုပ်သင်တန်း၌ သင်တန်းသူများကို သင်တန်းနည်းပြ ဆရာမများက စာတွေ့လက်တွေ့ သင်ကြားပို့ချပေးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြပြီး နာယက က စက်ချုပ်ပညာသည် မိမိဝင်ငွေနှင့် မိသားစုဝင်ငွေတိုးပွားစေရုံသာမက စီးပွားရေးအခွင့်အလမ်း၊ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သည့် ပညာရပ်ဖြစ်ကြောင်း၊ အဆိုပါ ပညာရပ်မှတစ်ဆင့် ကိုယ်ပိုင်လက်ရာများကို ယုံကြည်မှုရှိရှိ ဖန်တီးလာနိုင်မည်ဖြစ်ပြီး ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။ ထို့ပြင် သင်တန်းသူများ လက်တွေ့ချုပ်လုပ်နေမှုနှင့် သင်တန်းသူများ၏ ချုပ်ထည်များအား လှည့်လည်ကြည့်ရှုကြပြီး သင်တန်းသူများအတွက် ချီးမြှင့်ငွေနှင့် သင်ထောက်ကူပစ္စည်းများကို ပေးအပ်ကြသည်။



အဆင့်မြင့်စက်ချုပ်သင်တန်းကို ဇန်နဝါရီ ၁၂ ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားလျက်ရှိရာ သင်တန်းသူ ၄၀ အား သင်တန်းနည်းပြဆရာမများက စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

တင်ထွန်း (ပြန်/ဆက်)
ဓာတ်ပုံ-ဝင်းမင်းစိုး



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေမြို့၌ မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၂၆ ရက်က အမှတ်(၁)ဓာတ်မြေဩဇာစက်ရုံရှေ့၌ ဆောင်ရွက်ရာ စလေမြို့မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးဘုန်းပြည့်စုံနှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက် စစ်ဆေးပြီး ဆီမီးငြှိမ်းသတ်မှုကို လက်တွေ့သရုပ်ပြသစဉ်။ မြို့နယ်(ပြန်/ဆက်)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အိန္ဒိယ၌ နီပါးရ်ဗိုင်းရပ်စ်တွေ့ရှိပြီးနောက် သီရိလင်္ကာနှင့် အာရှတစ်ဝန်း သတိထားစောင့်ကြည့်လျက်ရှိ

**ကိုလံဘို ဇန်နဝါရီ ၂၇**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂလားပြည်နယ်၌ နီပါးရ်ဗိုင်းရပ်စ်တွေ့ရှိခဲ့သည်ဟု သတင်းများဖော်ပြပြီးနောက် သီရိလင်္ကာအစိုးရအနေဖြင့် စောင့်ကြည့်စစ်ဆေးမှုများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိသည်။

အာရှတစ်ဝန်း ကျန်းမာရေးအာဏာပိုင်များသည် နီပါးရ်ဗိုင်းရပ်စ် ပေါ်ပေါက်လာသည့်အပေါ် သတိထားစောင့်ကြည့်လျက်ရှိသည်။ သီရိလင်္ကာနိုင်ငံသည် ဒေသအဆင့် နီပါးရ်ဗိုင်းရပ်စ်ဆိုင်ရာ အခြေအနေများနှင့်ပတ်သက်ပြီး ခြေရာခံလျက်ရှိရာ နိုင်ငံတကာ ကျန်းမာရေး စောင့်ကြည့် အဖွဲ့များနှင့်လည်း အဆက်အသွယ်များ ရှိသည်ဟု ကျန်းမာရေး အာဏာပိုင်များက ပြောကြားသည်။

ဒေသအတွင်း နီပါးရ်ဗိုင်းရပ်စ်ကူးစက်မှု သတင်းဖော်ပြချက် မရှိသော်လည်း ဗိုင်းရပ်စ်ဖြစ်ပေါ်လာနိုင်သည့်နေရာများတွင် ကြိုတင်ကာကွယ် စောင့်ကြည့်စစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသည်ဟု အာဏာပိုင်များက ပြောသည်။

**ကူးစက်ခံရသူ ငါးဦးရှိ**

အနောက်ဘင်္ဂလားပြည်နယ်၌ ကျန်းမာရေးဝန်ထမ်းများ အပါအဝင် နီပါးရ်ဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားသူ ငါးဦးရှိသည်ဟု အိန္ဒိယအာဏာပိုင်များက အတည်ပြုဖော်ပြပြီးနောက် ဒေသတွင်း တွင် နီပါးရ်ဗိုင်းရပ်စ်နှင့် ပတ်သက်ပြီး သတိထားစောင့်ကြည့်မှုများ မြင့်တက်လာခြင်း ဖြစ်သည်။

**ကာကွယ်ရေးအစီအမံများ လုပ်ဆောင်**

နီပါးရ်ဗိုင်းရပ်စ် တွေ့ရှိမှုကြောင့် ဒေသတွင်းနိုင်ငံအများအပြားကို စောင့်ကြည့်စစ်ဆေးရမည့်အခြေအနေအထိ ရောက်ရှိစေခဲ့သည့်အတွက် အထူးသဖြင့် နိုင်ငံတကာ လေဆိပ်များတွင် ကြိုတင် ကာကွယ်ရေး အစီအမံများကို အင်တိုက်အားတိုက် လုပ်ဆောင် လာခဲ့ကြသည်။

**ဆင်ဟွာ**





# မလေးရှားနိုင်ငံ၌ ယမန်နှစ်အတွင်း ခရီးသွား ၄၂ သန်းကျော် စံချိန်တင် ဝင်ရောက်

**ကွာလာလမ်ပူ ဇန်နဝါရီ ၂၇**

မလေးရှားနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍသည် ၂၀၂၅ ခုနှစ်တွင် ခရီးသွားဝင်ရောက်မှု ၄၂ ဒသမ ၂ သန်းရှိခဲ့ပြီး ယင်းမှာ ယခင်နှစ်ကထက် ၁၁ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်းနှင့် ၂၀၁၉ ခုနှစ်ကထက် ၂၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း ဒုတိယဝန်ကြီးချုပ် အာမက်ဆာဟစ်ဟာမီဒီ၏ ပြောကြားချက်ကို နိုင်ငံပိုင်သတင်းဌာန ဘာနားမားက ကိုးကားဖော်ပြထားသည်။

ယခုကဲ့သို့ ခရီးသွားဝင်ရောက်မှု မြင့်တက်လာခြင်းမှာ လာမည့် Visit Malaysia 2026 စီမံကိန်းအတွက် ခိုင်မာသည့်အခြေခံကောင်းတစ်ခုဖြစ်သည်ဟု အာမက်ဆာဟစ်ဟာမီဒီက ချီးကျူးပြောကြားသည်။ ခရီးသွားလုပ်ငန်းသည် မလေးရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရာတွင် အဓိကမောင်းနှင်အားတစ်ခုအဖြစ် အခိုင်အမာတည်ဆောက်ထားနိုင်ပြီဖြစ်ကြောင်း ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ အစိုးရအဖွဲ့ ကော်မတီအစည်းအဝေးပြီးနောက် ဟာမီဒီက ပြောကြားသည်။

ရရှိထားသည့် အရှိန်အဟုန်ကို ကာလရှည်ဘဏ္ဍာရေးတောင့်တင်းမှုအဖြစ် အကောင်အထည်ဖော်နိုင်ရန် မလေးရှားအစိုးရသည် ဌာနအားလုံးစုပေါင်းအင်အားဖြင့် လုပ်ဆောင်သည့်နည်းလမ်းကို ကျင့်သုံးနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

# အိန္ဒိယနှင့် အီးယူတို့ ကုန်သွယ်ရေးသဘောတူညီချက်လက်မှတ်ရေးထိုး

**နယူးဒေလီ ဇန်နဝါရီ ၂၇**

ဥရောပကောင်စီဥက္ကဋ္ဌ အန်တိုနီယို ကော်စတာနှင့် ဥရောပသမဂ္ဂကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလေယန်တို့ အိန္ဒိယသို့ သုံးရက်ကြာ လာရောက်ချိန်အတွင်း အိန္ဒိယနှင့်ဥရောပသမဂ္ဂ (အီးယူ)တို့သည် မြို့တော်နယူးဒေလီ၌ နားလည်မှုစာချွန်လွှာများကို ဇန်နဝါရီ ၂၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

အစည်းအဝေးတွင် အိန္ဒိယ - အီးယူလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (အက်ဖ်တီအေ) ညှိနှိုင်းဆောင်ရွက်မှု အဆုံးသတ်နိုင်ရေးကိစ္စရပ်နှင့် ပတ်သက်ပြီး ပူးတွဲကြေညာချက်ထုတ်ပြန်နိုင်ရေးကို အဓိကထားဆွေးနွေးခဲ့သည်။

သဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်းနှင့် ကြေညာချက်ထုတ်ပြန်ခြင်းတို့ကို အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီရှေ့၌ ဆောင်ရွက်ခဲ့ကြသည်။ ကုန်သွယ်ရေးသဘောတူညီချက်သည် နှစ်ပြည်ထောင် စီးပွားရေးမိတ်ဖက်ဆောင်ရွက်မှု၏ ပြည့်စုံကောင်းမွန်သော နမူနာတစ်ခုဟု အိန္ဒိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ယနေ့တွင် အိန္ဒိယနှင့် ဥရောပတို့သည် နယ်ပယ်ကဏ္ဍအတော်များများတွင် တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ အိန္ဒိယ-အီးယူ အက်ဖ်တီအေသည် ကြီးထွားမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများအတွက် လမ်းကြောင်းတစ်ခုဖြစ်သည်။

**ဆင်ဟွာ**



# လာအိုနိုင်ငံ၌ အမျိုးသမီးများနှင့် ကလေးငယ်များကြားတွင် သွေးအားနည်းရောဂါဖြစ်ပွားမှု တားဆီးကာကွယ်ရန် လုပ်ဆောင်

**ဗီယင်ကျန်း ဇန်နဝါရီ ၂၇**

လာအိုနိုင်ငံအတွင်း အမျိုးသမီးများနှင့် ကလေးငယ်များကြားတွင် သွေးအားနည်းရောဂါ ဖြစ်ပွားမှုများကို တားဆီးကာကွယ်ရန်နှင့်လျှော့ချရန် ရည်ရွယ်သည့် အစီအစဉ်များနှင့် လမ်းညွှန်ချက်များကို ဆွေးနွေးရန် ကျန်းမာရေးဝန်ကြီးဌာနက အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါအစည်းအဝေးကို နိုင်ငံ၏မြို့တော် ဗီယင်ကျန်း၌ ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့ပြီး ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြကြောင်း ဇန်နဝါရီ ၂၇ ရက်က ဒေသတွင်း Pasaxon သတင်းစာတွင် ဖော်ပြထားသည်။

သွေးအားနည်းရောဂါမှာ ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးပြဿနာကြီးတစ်ရပ်အဖြစ် ဆက်လက်ရှိနေကြောင်း၊ အထူးသဖြင့် ကလေးငယ်များ၊ အရွယ်ရောက်စ မိန်းကလေးငယ်များ၊ ကလေးမွေးဖွားနိုင်သည့် အရွယ် အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် မီးဖွားပြီးစ မိခင်များကြားတွင်ဖြစ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးမြှင့်တင်မှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ကက်ကဆုန်ဖရာစီဆုမ်ဘတ်က အစည်းအဝေးတွင် ပြောကြားသည်။

လာအိုနိုင်ငံ၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များမှာ သွေးအားနည်းရောဂါ ဖြစ်ပွားနိုင်ခြေမြင့်မားကြောင်း၊ အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ရယူရန်အကန့်အသတ်ရှိသော ကျေးလက်ဒေသများတွင် နေထိုင်သူများမှာ ဖြစ်ပွားနိုင်ခြေမြင့်မားကြောင်း သိရသည်။ **ဆင်ဟွာ**

# အိုမန်ကမ်းလွန်၌ လှေနစ်မြုပ်၊ ခရီးသွား သုံးဦးသေဆုံး

**မူးစကတ် ဇန်နဝါရီ ၂၇**

အိုမန်နိုင်ငံ မူးစကတ်ခရိုင် မူးတြားမြို့ ကမ်းလွန်တွင် ဇန်နဝါရီ ၂၇ ရက်က လှေတစ်စင်းနစ်မြုပ်မှုကြောင့် ပြင်သစ်ကမ္ဘာလှည့်ခရီးသွားသုံးဦး သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း ဒေသမီဒီယာ၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါမတော်တဆမှုဖြစ်ပွားချိန်တွင် လှေပေါ်၌ ပြင်သစ်ကမ္ဘာလှည့်ခရီးသွား ၂၅ ဦး လိုက်ပါလာကြောင်း Times of Oman သတင်းစာ၏ ဖော်ပြချက်အရ သိရသည်။ အရေးပေါ်ဖုန်းခေါ်ဆိုမှုတစ်ခု လက်ခံရရှိပြီးနောက် အရပ်ဘက်ကာကွယ်ရေးနှင့် လူနာတင်ယာဉ်အာဏာပိုင်အဖွဲ့မှ ကယ်ဆယ်ရေးနှင့် လူနာတင်အသင်းအဖွဲ့များသည် အခင်းဖြစ်ပွားသည့်နေရာသို့ သွားရောက်ပြီး တုံ့ပြန်ဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ကြကြောင်း၊ အခြားခရီးသည် နှစ်ဦးမှာ အသေးစားထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အခင်းဖြစ်ပွားသည့်နေရာတွင်ပင် ဆေးဝါးကုသမှုခံယူခဲ့ကြောင်း သိရသည်။ လက်တလောတွင် အသက်ရှင်လွတ်မြောက်သူများနှင့် သေဆုံးသူများ၏ မိသားစုများကို ထောက်ပံ့မှုများပေးနိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ၂၀၊ ငွေတံဆိပ်ဆု ၁၉ ခု၊ ကြေးတံဆိပ်ဆု ၂၀ ဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၇**

(၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက် မှ ၂၆ ရက် အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် နာခွန်ရစ်ချာဆီးမားမြို့တို့၌ အားကစားနည်း ၁၉ နည်းအား ထည့်သွင်းကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အားကစားနည်း ၁၁ နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြေးခုန်ပစ် အားကစားနည်းမှ ရွှေတံဆိပ်ဆု ၁၁ ခု၊ ငွေတံဆိပ်ဆု ၁၅ ခု၊ ကြေးတံဆိပ်ဆု ၁၁ ခု၊ ရေကူးအားကစားနည်းမှ ရွှေတံဆိပ်ဆု ရှစ်ခု၊ ငွေတံဆိပ်ဆု သုံးခု၊ ကြေးတံဆိပ်ဆု သုံးခု၊ ဘော်လီဘောအားကစားနည်းမှ ရွှေတံဆိပ်ဆု တစ်ခု၊ ဘောလုံးအားကစားနည်းမှ ငွေတံဆိပ်ဆု တစ်ခု၊ စစ်တုရင်(မျက်မမြင်)အားကစားနည်းမှ ကြေးတံဆိပ်ဆုသုံးခု၊ စားပွဲတင်တင်းနစ်အားကစားနည်းမှ ကြေးတံဆိပ်ဆုတစ်ခု၊ အလေးမအားကစားနည်းမှ ကြေးတံဆိပ်ဆု တစ်ခု၊ ဂိုးလ်ဘောအားကစားနည်းမှ ကြေးတံဆိပ်ဆုတစ်ခု၊ မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ်ဆု ၂၀ ၊ ငွေတံဆိပ်ဆု ၁၉ ခု၊ ကြေးတံဆိပ်ဆု ၂၀ စုစုပေါင်း ဆုတံဆိပ် ၅၉ ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး နိုင်ငံအလိုက် အဆင့် (၆)တွင် ရပ်တည်နိုင်ခဲ့သည်။



အောင်မြင်မှုဆုတံဆိပ်များရယူ၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိလာသည့် အောင်ပွဲရမြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး ဦးဆောင်သောအားကစားအဖွဲ့သည် ယနေ့ည ၆ နာရီ ၃၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၏ မိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် အားကစားဝါသနာရှင် မိဘပြည်သူများက အိုးစည်၊ ဒိုးပတ်များ၊ အောင်သပြေပန်းစည်းများနှင့် စံပယ်ပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားနည်း ၁၁ နည်းအနက် သေနတ်ပစ်၊ ဘိုစီရာနှင့် ဘိုးလင်းအားကစားနည်းများမှလွဲ၍ ပြေးခုန်ပစ်၊ ရေကူး၊ ဘော်လီဘော၊ ဘောလုံး၊ စစ်တုရင်(မျက်မမြင်)၊ စားပွဲတင်တင်းနစ်၊ အလေးမ၊ ဂိုးလ်ဘော စသည့်အားကစားနည်း ရှစ်နည်းတို့မှ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင်ရရှိခဲ့သည့် ရွှေတံဆိပ်ဆုများထက် ငါးခုပိုမိုရရှိခဲ့သည့်အတွက် ယခုပြိုင်ပွဲသည် ပိုမိုအောင်မြင်မှုရရှိခဲ့သည့် အားကစားပြိုင်ပွဲတစ်ခုဖြစ်ပြီး နိုင်ငံတော်၏ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်သူများ၊ မသန်ပေမယ့် စွမ်းဆောင်နိုင်သူများဖြစ်ကြောင်းကို သက်သေစိုက်ထူ ပြသနိုင်ခဲ့သည်။

အဆိုပါအောင်ပွဲရ မြန်မာမသန်စွမ်းအားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်းတစ်ရာတိတိအား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အောင်ပွဲရမြန်မာမသန်စွမ်းအားကစားအသင်းမှ အားကစားသမားများကို ကမ္ဘောဇဘဏ်နာယကနှင့် ဝန်ထမ်းမိသားစုက ပေးပို့လှူဒါန်းသည့် ထိုင်းဘတ်ငွေများအား ဒွန်မောင်းလေဆိပ်၌ ချီးမြှင့်ပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၂၇**

အောင်ပွဲရ မြန်မာမသန်စွမ်းအားကစားအသင်းမှ အားကစားသမားများကို ကမ္ဘောဇဘဏ်နာယကနှင့် ဝန်ထမ်းမိသားစုများကပေးပို့လှူဒါန်းသည့် ထိုင်းဘတ်ငွေများအား ဒွန်မောင်းလေဆိပ်၌ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် နာခွန်ရစ်ချာဆီးမားမြို့တို့၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ အားကစားနည်း ၁၁ နည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ်ဆု ၂၀၊ ငွေတံဆိပ်ဆု ၁၉ ခု၊ ကြေးတံဆိပ်ဆု ၂၀ စုစုပေါင်း ဆုတံဆိပ် ၅၉ ခုတို့ကို ဆွတ်ခူးရယူပေးခဲ့သည့် နိုင်ငံကိုယ်စားပြု အားကစားသမားများ အတွက် ကမ္ဘောဇဘဏ် နာယက ဦးအောင်ကိုဝင်းနှင့် ကမ္ဘောဇဘဏ် ဝန်ထမ်းမိသားစုများက လှိုက်လှဲဂုဏ်ယူစွာ ချီးမြှင့်သည့်အနေဖြင့် မသန်စွမ်း အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ဆု တစ်ခုစီအတွက် (တစ်ဦးချင်း/အသင်းလိုက်) ထိုင်းဘတ် တစ်သိန်းစီကို သံအမတ်ကြီး ဦးဇော်ဇော်စိုးက လည်းကောင်း၊ ငွေတံဆိပ်ဆု တစ်ခုစီအတွက် (တစ်ဦးချင်း/အသင်းလိုက်) ထိုင်းဘတ် ငါးသောင်းစီကို စစ်သံမှူးကြီး ဗိုလ်မှူးချုပ် ဝင်းသူလင်းကလည်းကောင်း၊ ကြေးတံဆိပ်ဆု တစ်ခုစီအတွက် (တစ်ဦးချင်း/အသင်းလိုက်) ထိုင်းဘတ် သုံးသောင်းစီကို သံမှူးကြီး ဦးစိုးသူဟိန်းကလည်းကောင်း၊ စုစုပေါင်း ရွှေ ၂၀ ၊ ငွေ ၁၉ ဆုနှင့် ကြေး ၂၀



တို့အတွက် ထိုင်းဘတ် ၃၅ သိန်း ငါးသောင်းကို ဘန်ကောက်မြို့ ဒွန်မောင်းလေဆိပ်တွင် ချီးမြှင့်ပေးအပ်သည်။

ထို့အတူ ပြီးခဲ့သည့် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ရိုးရာခြင်းလုံးနှင့် ဘိလိယက်ပြိုင်ပွဲများ၌ ရရှိသည့် ရွှေတံဆိပ်ဆုတစ်ခုစီအတွက် ထိုင်းဘတ် သုံးသိန်းစီဖြင့် ထိုင်းဘတ် ကိုးသိန်းဆုချီးမြှင့်ခဲ့သဖြင့် ကမ္ဘောဇဘဏ် နာယကနှင့် ဝန်ထမ်းမိသားစုများ၏ ချီးမြှင့်ငွေ စုစုပေါင်း ထိုင်းဘတ် ၄၄ ဒသမ ၅ သိန်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် (၂၂)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)မှ ၁၄ ရက်အထိ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဆင်ဖြူကန်ကွင်း အရှေ့ဘက်ခြမ်းရှိ မြမာလာဥယျာဉ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲနှင့်အတူ မြမာလာဥယျာဉ်အတွင်း၌ မြို့တော်သူမြို့တော်သားများ လာရောက်အပန်းဖြေနိုင်ရန် သစ်သီးဝလံ၊ ပန်းမန်ကိုယ်စားပြု ပုံဖော်ထားသည့် အလှဆင်ပန်းဝိုင်းကြီးသုံးခုပြုလုပ်ထားမည်ဖြစ်ပြီး အလှဓာတ်ပုံရိုက်ရန် နေရာများလည်း ပြင်ဆင်ပေးထားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ဌာနဆိုင်ရာပြခန်း ၁၆ ခန်း၊ အရောင်းပြခန်း ခုနစ်ခန်း၊ ပျိုးပင်အရောင်းဆိုင် ၁၈ ဆိုင် ပါဝင်မည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း လာရောက်လေ့လာလည်ပတ်သည့် ပြည်သူများအား ပျိုးပင်များ လက်ဆောင်ပေးမည့် အစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲပြိုင်ပွဲကို ရည်ရွယ်ချက်ငါးရပ်ဖြင့် နှစ်စဉ်ကျင်းပလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် လုပ်ငန်းရှင်များ ဝင်ရောက် ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြိုင်ပွဲကို အမျိုးအစားအလိုက် ကျင်းပသွားမည်ဖြစ်ကာ ပြိုင်ပွဲဝင်များအနေဖြင့် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၁ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ပြိုင်ပွဲဝင်ပစ္စည်းများကို မြမာလာဥယျာဉ်အတွင်းရှိ ကွပ်ကဲရေးရုံးသို့ ပေးပို့ရမည်ဖြစ်သည်။ ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ပြီး ဆုအများဆုံးရရှိသည့်ပြိုင်ပွဲဝင်အား တံခွန်စိုက်ဆု ချီးမြှင့်သွားမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဖုန်း ၀၉-၂၀၁၉၃၉၅ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ **မိုး/ဇလ**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအားကြည့်ရှုအားပေး



**နေပြည်တော် ဇန်နဝါရီ ၂၇**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကယားပြည်နယ် ဘောလခဲမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံတက်လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အသက်သုံးနှစ်မှ ငါးနှစ် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၂၇**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် အသက်သုံးနှစ်မှ ငါးနှစ် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံသင်တန်း(၁/၂၀၂၆)ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်အမှာစကား ပြောကြားသည်။



အဆိုပါသင်တန်းကို ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂၁ ရက်အထိ ရက်ပေါင်း ၂၀ ကြာ ဖွင့်လှစ်သင်ကြားမည့် သင်တန်းတစ်ခုဖြစ်ပြီး ယခုဖွင့်လှစ်သည့် (၁/၂၀၂၆) သင်တန်းတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ မူကြိုဆရာမများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများမှ ဆရာမများ၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများမှ ဆရာမများ၊ မိခင်ဝိုင်းများမှ ဆရာမများ၊ ပြင်ပကလေးဖွံ့ဖြိုးမှုလုပ်ငန်းကို စိတ်ပါဝင်စားသောသူများ စုစုပေါင်း သင်တန်းသား ၃၀ ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်သည်။

နေပြည်တော်ကောင်စီဝင်သည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဆရာတော်ကြီးများ၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ ထေရ်ကြီးဝါကြီး ဆရာတော်များနှင့် သီလရှင်ဆရာကြီးများအား ကျန်းမာရေးစစ်ဆေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

## စည်းလုံးချစ်ကြည် မြဲခိုင်ကျည် ပေါင်းစုညီညာ ပြည်သာယာ

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် တံခွန်တိုင်ဈေး၌ ဇန်နဝါရီ ၂၇ ရက်က မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်းနှင့် ဈေးလက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့များ၊ ဈေးတာဝန်ခံနှင့် ဈေးသူ ဈေးသားများ ပူးပေါင်းလေ့ကျင့်စဉ်။ ဇော်ဘီ




## အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၂ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ခြောက်ဦး၊ တောင်အာဖရိကနိုင်ငံသား လေးဦး၊ နီပေါနိုင်ငံသား လေးဦး၊ ဘူရွန်ဒီနိုင်ငံသား နှစ်ဦး၊ ဆီလီရာလီယွန်နိုင်ငံသား တစ်ဦး၊ မာလဝီနိုင်ငံသား တစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား တစ်ဦး၊ တန်ဇန်းနီးယားနိုင်ငံသား တစ်ဦး၊ ဇင်ဘာဘွေနိုင်ငံသား တစ်ဦးနှင့် တိုဂိုနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၂ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံလွှဲပြောင်းပေးသည်။



အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံရုံးမှ Staff of Embassy Mr. Sajal Shakya နှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ တောင်အာဖရိကနိုင်ငံ၊ ဘူရွန်ဒီနိုင်ငံ၊ ဆီလီရာလီယွန်နိုင်ငံ၊ မာလဝီနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ တန်ဇန်းနီးယားနိုင်ငံ၊ ဇင်ဘာဘွေနိုင်ငံနှင့် တိုဂိုနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၁၇၈ ဦးထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၂၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၉၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေ ငွေနှင့် ကြေးဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည့် မသန်စွမ်းအားကစားသမားများ၏ ဝမ်းသာပီတိစကားသံများ

**(၁၃) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ဘန်ကောက်မြို့နှင့် နာခွန်ရစ်ချာဆီးမား(ခိုရတ်)မြို့တို့တွင် ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုး ဦးဆောင်သော မသန်စွမ်းအားကစားအဖွဲ့မှ ပြိုင်ပွဲဝင်အသင်းများသည် အားကစားနည်း ၁၁ နည်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ် ၂၀၊ ငွေတံဆိပ် ၁၉ ခုနှင့် ကြေးတံဆိပ် ၂၀ ဖြင့် စုစုပေါင်း ဆုတံဆိပ် ၅၉ ခုကို ဆွတ်ခူးရရှိခဲ့ကြသည်။**



ဗိုလ်ချုပ်လှမိုး



ညီညီလင်းထက်



ဝေယံမင်း



အောင်မြင့်မြတ်



စည်သူထက်



ရန်လင်းအောင်



ဇော်မိုးအောင်

မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားအဖွဲ့သည် ပြိုင်ပွဲဝင် အာဆီယံ ၁၀ နိုင်ငံတွင် အဆင့် (၆) နေရာ၌ ရပ်တည်နိုင်ခဲ့ပြီး အားကစားကဏ္ဍဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင် ပေးခဲ့ကြသော မသန်စွမ်းအားကစားသမားများသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများနှင့် ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပြီး အောင်မြင်မှုဆုတံဆိပ်များ ပွေ့ပိုက်ယူဆောင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် မသန်စွမ်းအားကစားသမားများနှင့် တာဝန်ရှိသူတို့၏ ဝမ်းမြောက်ဂုဏ်ယူဖွယ် ဝမ်းသာပီတိစကားသံတို့ကို စုစည်းဖော်ပြလိုက်ပါသည်။

**ဗိုလ်ချုပ်လှမိုး**
**(မြန်မာနိုင်ငံမသန်းစွမ်း အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ)**

ကျွန်တော်တို့ မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်အနေနဲ့ (၁၃) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲမှာ အားကစားနည်း ၁၁ မျိုးမှာ အားကစားသမား ၉၇ ဦး ပြိုင်ပွဲဝင်ခဲ့ပါတယ်။ ဆုတံဆိပ်အနေနဲ့ ရွှေ ၂၀၊ ငွေ ၁၉ ခုနဲ့ ကြေးအခု ၂၀ စုစုပေါင်း ၅၉ ခုရရှိခဲ့တာကြောင့် နိုင်ငံအလိုက်အနေနဲ့ အဆင့်(၆)မှာ ရှိပါတယ်။ ၂၀၀၈ နောက်ပိုင်းကစပြီး ရွှေတံဆိပ်ဆုတွေပိုမိုရရှိလာအောင် မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်အနေနဲ့ ပြုပြင်ပြောင်းလဲမှုနဲ့အတူ နည်းစနစ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုနဲ့ လေ့ကျင့်မှုပိုင်းကိုလည်း ပိုမိုအားထုတ်ခဲ့တဲ့အတွက် တိုးတက်လာမှုကို တွေ့ရပါတယ်။ အထူးသဖြင့် ဘော်လီဘောအားကစားနဲ့ ယခင်ပြိုင်ပွဲကတည်းက ရွှေမျှော်မှန်းခဲ့တာပါ။ ၂၀၂၄ ခုနှစ်မှာ ပိုပြီးအားထုတ်လေ့ကျင့်ခဲ့တာကြောင့် ဒီပြိုင်ပွဲမှာ မျှော်မှန်းထားတဲ့ရွှေကို ထိုက်ထိုက်တန်တန်နဲ့ ရခဲ့တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။

ဘောလုံးမှာလည်း ကျန်တဲ့နိုင်ငံတွေကို နိုင်ခဲ့ပေမယ့် အိမ်ရှင်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တဲ့အတွက် ငွေပဲရခဲ့ပါတယ်။ ကျန်တဲ့အားကစားနည်းဖြစ်တဲ့ ပြေးခုန်ပစ်မှာ ရွှေ ၁၄ ခု မှန်းထားပေမယ့် ၁၁ ခုရခဲ့တယ်။ ရေကူးမှာ ရွှေ လေးခုမှန်းထားပေမယ့် ရှစ်ခုရခဲ့တယ်။ ကျန်တဲ့အားကစားတွေမှာ ငွေနဲ့ကြေးတံဆိပ်ဆုတွေ အသီးသီးရရှိခဲ့ပါတယ်။ ပြိုင်ပွဲမှာ အောင်မြင်ရမယ်ဆိုတဲ့စိတ်နဲ့ ကြိုးစားခဲ့ပြီး တပ်မတော်သားဖြစ်တဲ့အတွက် တပ်မတော်က လေ့ကျင့်ပေးတဲ့အပေါ် အခြေခံပြီး အားကစားသမားတွေကို လေ့ကျင့်ပေးရာမှာ စနစ်တကျ လေ့ကျင့်ပေးခဲ့ပါတယ်။ အောင်မြင်မှု ရရှိဖို့ဆိုရင် လေ့ကျင့်မှုဟာ အဓိကကျပါတယ်။ လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲဆင်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း လေ့ကျင့်သားပြည့်ဝခဲ့တဲ့အတွက် မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်အနေနဲ့ (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲမှာ ရွှေတံဆိပ်ဆု ၂၀ အပါအဝင် ဆုတံဆိပ် ၅၉ ခုကို အားကစားကဏ္ဍအနေနဲ့ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

**ညီညီလင်းထက် (ရေကူး အားကစား၊ ရွှေတံဆိပ် လေးခု)**

ကျွန်တော်က ရေကူး အားကစားနည်းဖြစ်တဲ့ မီတာ (၂၀၀)၊ မီတာ(၁၀၀)၊ မီတာ(၅၀) အလွတ်ကူးနဲ့ မီတာ(၅၀)ရင်ပေါင်တန်းကူးပြိုင်ပွဲတွေမှာ ရွှေတံဆိပ်လေးခု ရရှိခဲ့ပါတယ်။ ပြိုင်ပွဲအတွက် နည်းပြများရဲ့ သင်ကြားမှုကိုစနစ်တကျလိုက်နာဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် အောင်မြင်မှုရရှိခဲ့တာပါ။ အဓိက ယှဉ်ပြိုင်ရတာက ထိုင်းနိုင်ငံပါ။ အိမ်ရှင်နိုင်ငံကိုကျော်ပြီး ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့တဲ့အပေါ် နိုင်ငံအတွက် ဖော်မပြနိုင်အောင် ဝမ်းသာဂုဏ်ယူမိပါတယ်။ ဆက်လက်ကျင်းပမယ့် ပြိုင်ပွဲတွေမှာလည်း နိုင်ငံ့ဂုဏ်ဆောင်ဆုတွေ ဆွတ်ခူးနိုင်အောင် ဆက်လက်ကြိုးစားသွားဖို့ အသင့်ရှိနေပါတယ်။

**ဝေယံမင်း(ဘောလုံးအားကစား၊ ငွေတံဆိပ်ဆု)**

ကျွန်တော်က ခုနစ်ဦးတစ်ဖွဲ့ယှဉ်ပြိုင်ရတဲ့ ဘောလုံးပြိုင်ပွဲမှာ ငါးသင်းပတ်လည် အုပ်စုပြိုင်ပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲသရေနဲ့ ဖိုင်နယ်ကို ရောက်ခဲ့တယ်။ ဗိုလ်လုပွဲမှာ အိမ်ရှင်ထိုင်းနိုင်ငံကို တစ်ဂိုး – ဂိုးမရှိနဲ့ရှုံးခဲ့တာကြောင့် ဒုတိယဆု ငွေတံဆိပ်ရခဲ့ပါတယ်။ ပြိုင်ပွဲမှာ သင်ခန်းစာအနေနဲ့ ပြိုင်ဘက်ကို အထင်မသေးဖို့၊ အခုထက်ပိုပြီး အားကြိုးမာန်တက် ကစားသွားဖို့ လိုပါတယ်။ ရွှေတံဆိပ် မရခဲ့ပေမယ့် နိုင်ငံအတွက် ဒုတိယဆုကို ဆွတ်ခူးပေးနိုင်ခဲ့မှုအတွက် အသင်းအားလုံးကိုယ်စား ဝမ်းမြောက်ဂုဏ်ယူပါတယ်။

**အောင်မြင့်မြတ်**
**(ရေကူးအားကစား၊ ရွှေတံဆိပ်ဆု)**

ကျွန်တော်က ရေကူးပြိုင်ပွဲမှာ ယှဉ်ပြိုင်ခဲ့တာပါ။ မီတာ(၂၀၀) အလွတ်ကူးမှာ ကြေး တစ်ခု၊ မီတာ (၁၀၀) အလွတ်ကူးမှာ ကြေးတစ်ခု၊ ပက်လက်မီတာ(၅၀)မှာ ရွှေ တစ်ခု ရရှိခဲ့ပါတယ်။ အခုလို အောင်မြင်မှု ရရှိအောင် မသန်စွမ်းအားကစားအဖွဲ့ချုပ်မှာ ရှစ်လနီးပါး လေ့ကျင့်ခဲ့ပါတယ်။ အထူးသဖြင့် ပြိုင်ပွဲအတွက် ထွက်ခွာစဉ်မှာ ကတိပေးခဲ့တဲ့အတိုင်း ရွှေတံဆိပ်ရရှိခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ အဓိက အိမ်ရှင်နိုင်ငံ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံတို့ကို ကျော်ဖြတ်ဖို့မလွယ်ပေမယ့် နိုင်ငံအတွက် ရွှေကိုရမယ်ဆိုတဲ့ စိတ်နဲ့ အားသွန်ခွန်စိုက်ကြိုးစားခဲ့တဲ့အတွက် ရွှေတံဆိပ် ရရှိခဲ့ပါတယ်။ ကျေနပ်လားဆိုတော့ ရွှေအားလုံးမရတဲ့အတွက် ကျေနပ်မှု မရှိပါဘူး။ ဒါပေမယ့် ထပ်ပြီး ကြိုးစားသွားရမယ်ဆိုတဲ့ စိတ်ခွန်အားတွေတော့ ရရှိခဲ့ပါတယ်။ နည်းစနစ်ပိုင်းဆိုင်ရာ အခုထက် ပိုမိုလေ့ကျင့်ဆောင်ရွက်သွားမယ်လို့လည်း ဆုံးဖြတ်ထားပါတယ်။ နိုင်ငံတော်က မနှစ်ကလိုပဲ ထိုက်တန်စွာ ဆုချီးမြှင့်မယ်လို့ သိထားရတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။

**စည်သူထက် (ပြေးခုန်ပစ်၊ ရွှေ)**

ကျွန်တော်က ပြေးခုန်ပစ် အားကစားနည်းဖြစ်တဲ့ လုံတံပစ်မှာ ရွှေရခဲ့ပြီး သံလုံးပစ်မှာ ငွေရခဲ့ပါတယ်။ ပြိုင်ပွဲအတွက် နှစ်နှစ်ကြိုးကြိုးစားစား လေ့ကျင့်ခဲ့တဲ့အတွက် ကျွန်တော့်ဘဝမှာ အဖြစ်ချင်ဆုံးဆန္ဒကို ရရှိခဲ့တာကြောင့် ဖော်မပြတတ်အောင် ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့ကို အဘက်ဘက်က ကူညီပေးခဲ့ကြသူ အားလုံးကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ လေဆိပ်မှာအဖွဲ့ကို ဆုချီးမြှင့်ပေးတဲ့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုလည်း ကျေးဇူးတင်ပါတယ်။

**ရန်လင်းအောင် (ထိုင်လျက် မသန်စွမ်းဘော်လီဘော၊ ရွှေ)**

ကျွန်တော်တို့ရွှေရဖို့ အမာခံနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့ကို ကျော်ဖြတ်ပြီးမှ ထိုက်ထိုက်တန်တန် ရွှေတံဆိပ်ရခဲ့တာပါ။ ကျွန်တော်တို့အသင်း ရွှေနဲ့ကင်းကွာနေတာကြာပါပြီ။ အခုလို အိမ်ရှင်နိုင်ငံနဲ့ အခြားနိုင်ငံတွေကို ကျော်ဖြတ်နိုင်ခဲ့တယ်ဆိုတဲ့စိတ်ဟာ ဘာနဲ့မှ မတူတဲ့ ကြည်နူးဝမ်းသာမှုပါ။ အခုထက်ပိုပြီး ကြိုးစားသွားမှာပါ။ နောက်နှစ် ပြိုင်ပွဲတွေမှာလည်း လက်ရှိချန်ပီယံကို ဆက်လက်ကာကွယ်သွားမယ်လို့ဆုံးဖြတ်ထားကြပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ အားပေးခဲ့ကြတဲ့ မြန်မာနိုင်ငံက ပရိသတ်တွေကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။

**ဇော်မိုးအောင်(ထိုင်လျက် မသန်စွမ်းဘော်လီဘော၊ ရွှေ)**

ကျွန်တော် ယှဉ်ပြိုင်လာတဲ့ ပြိုင်ပွဲတွေထဲမှာ အခုပြိုင်ပွဲဟာ ကျွန်တော့်ဘဝမှာ အပျော်ဆုံးပါ။ ထိုက်ထိုက်တန်တန်နဲ့ ရရှိခဲ့တာကြောင့်မို့ပါ။ ပြိုင်ပွဲအတွက် အုပ်ချုပ်သူနဲ့ နည်းပြဆရာတွေ လမ်းညွှန်မှုအတိုင်း ယှဉ်ပြိုင်ခဲ့တာဖြစ်တဲ့အတွက် အခုလို အကောင်းဆုံးနိုင်ငံတွေကို ကျော်ဖြတ်ပြီး နိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရရှိခဲ့တာပါ။ ၁၉၉၀ ပြည့်နှစ်ကတည်းက ပျောက်ကွယ်နေတဲ့ ရွှေကို ၂၀၂၆ ခုနှစ်မှာ ပြန်လည်ရရှိခဲ့တဲ့အတွက် ထိုင်လျက်ဘော်လီဘော အားကစားသမားတစ်ဦးအနေနဲ့ အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်အနေဖြင့် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲများဖြစ်သည့် ၂၀၀၁ ခုနှစ် မလေးရှားနိုင်ငံပြိုင်ပွဲတွင် ရွှေ ၃၆ ခု၊ ၂၀၀၃ ခုနှစ်တွင် ရွှေ ၂၄ ခု၊ ၂၀၀၅ ခုနှစ်တွင် ရွှေ ၂၉ ခု၊ ၂၀၀၈ ခုနှစ်တွင် ရွှေ ၁၂ ခု၊ ၂၀၀၉ ခုနှစ်တွင် ရွှေ ရှစ်ခု၊ အင်ဒိုနီးရှားနိုင်ငံတွင် (၆)ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေ ၁၁ ခု၊ ၂၀၁၄ ခုနှစ် နေပြည်တော်တွင် (၇) ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲ၌ ရွှေ ၃၄ ခု၊ ၂၀၁၅ ခုနှစ်တွင် ရွှေ ၁၆ ခု၊ ၂၀၁၇ ခုနှစ်တွင် ရွှေ ၁၁ ခု၊ (၁၀)ကြိမ်မြောက်တွင် ပြိုင်ပွဲဝင်ရောက်မှု မရှိဘဲ (၁၁) ကြိမ်မြောက်ဖြစ်သည့် ၂၀၂၂ ခုနှစ်တွင် ရွှေ ၁၄ ခု၊ ၂၀၂၃ ခုနှစ်တွင် ရွှေ ၁၅ ခုနှင့် ယခုယှဉ်ပြိုင်ခဲ့သည့် ၂၀၂၆ ခုနှစ် (၁၃) ကြိမ်မြောက် မသန်စွမ်း အားကစားပြိုင်ပွဲတွင် ရွှေ ၂၀ တို့ကို နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်များအဖြစ် တပ်မတော်၏ဂုဏ်၊ နိုင်ငံတော်၏ ဂုဏ်အတွက် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ အားကစားသမားများက စွမ်းဆောင်မြှင့်တင်ပေးခဲ့ကြသည်။ **တွေ့ဆုံမေးမြန်း– ညိမ်းသူ**

**ဓာတ်ပုံ – မောင်သီဟ**



## မိုင်းယောင်းမြို့၌ အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**မိုင်းယောင်း ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ယမန်နေ့က အွန်လိုင်းလိမ်လည်မှုနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက နယ်စပ်ဒေသအတွင်း အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုများမရှိစေရေး အသိပညာပေးဆွေးနွေးပြီး တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရုံးတွင်းစီမံခန့်ခွဲရေး အစည်းအဝေးအားလည်းကောင်း၊ ဈေးများဆိုင်ရာ ဥပဒေကြမ်းရေးဆွဲနိုင်ရေး ထည့်သွင်းသင့်သည့် အချက်များ ဆွေးနွေးပွဲကိုလည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

## ကျောက်ဆည်တက္ကသိုလ်၌ (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပ




**ကျောက်ဆည် ဇန်နဝါရီ ၂၇**
ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ကျောက်ဆည်တက္ကသိုလ်၏ (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ဝေ၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့ဝင်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဖိတ်ကြားထားသူများ၊ ဘွဲ့ရကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်က ဘာသာရပ်အလိုက် မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာဘွဲ့နှင့် သိပ္ပံဘွဲ့ရရှိသူ ကျောင်းသား ကျောင်းသူ ၆၉၂ ဦး၊ အဝေးရောက်ဘွဲ့ယူသူ ၂၂ ဦးတို့အား ဘွဲ့လက်မှတ်များကို ပေးအပ်ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

ကျောက်ဆည် တက္ကသိုလ်ကို ၂၀၀၂ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိအချိန်တွင် ဘာသာရပ် ၁၄ ခုကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မြင့်မော်ထွန်း

## နည်းပညာတက္ကသိုလ်(တောင်ငူ)၌ (၉) ကြိမ်မြောက် မဟာအင်ဂျင်နီယာဘွဲ့နှင့် အကြိမ်(၂၀)မြောက် အင်ဂျင်နီယာဘွဲ့ ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**တောင်ငူ ဇန်နဝါရီ ၂၇**
ပဲခူးတိုင်းဒေသကြီး နည်းပညာတက္ကသိုလ် (တောင်ငူ)၌ (၉)ကြိမ်မြောက် မဟာအင်ဂျင်နီယာဘွဲ့




နှင့် အကြိမ်(၂၀)မြောက် အင်ဂျင်နီယာဘွဲ့၊ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ကွန်ပျူတာတက္ကသိုလ် (တောင်ငူ) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဝင်းမွန်က ဘွဲ့နှင်းသဘင် ကျင်းပကြောင်း ကြေညာကာ ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေကြသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ်က မဟာအင်ဂျင်နီယာဘွဲ့ ရရှိသူ ၁၈ ဦးနှင့် အင်ဂျင်နီယာဘွဲ့ရရှိသူ ၁၁၆ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၃၄ ဦးအား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ဇော်ကိုကို (တောင်ငူ)

## မော်လမြိုင်မြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

**မော်လမြိုင် ဇန်နဝါရီ ၂၇**
မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၃-၂၀၂၄ နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက်က မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးတင်ထွန်းက အမှာစကားပြောကြားပြီး ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်က အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် မွန်ပြည်နယ် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးစိုးတင့်က သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် သမဝါယမအသင်းအဆင့်ဆင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စများကို ရှင်းလင်းပြောကြားသည်။



ဖတ်ကြားရှင်းလင်း

ထို့နောက် မြို့နယ်သမဝါယမအသင်းစု အမှုဆောင်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များကို အသင်းအမှုဆောင်အဖွဲ့က ဖတ်ကြားရှင်းလင်းတင်ပြ၍ အသင်းဝင်ကိုယ်စားလှယ်များအား ရင်းနှီးငွေပေါ် အကျိုးအမြတ်ခွဲဝေပေးခြင်း ဆောင်ရွက်ခဲ့သည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၌ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အတွေ့အကြုံရှင်းလင်း

**စစ်ကိုင်း ဇန်နဝါရီ ၂၇**
သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တွင် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်က အဆိုပါတက္ကသိုလ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အမှာစကား ပြောကြား**

အခမ်းအနားတွင် လူငယ်အားမာန် တိုင်းပြည်အဖိုးတန် ဗီဒီယိုကလစ်ကို ပြသခဲ့ပြီး ပါမောက္ခချုပ် ဒေါက်တာဥမ္မာစံက အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် နေပြည်တော်တွင် ကျင်းပခဲ့သော လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သူနှစ်ဦးက အတွေ့အကြုံများကို ထပ်ဆင့်ရှင်းလင်း ပြောကြားပြီး လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ လူငယ်ကြေညာ စာတမ်းကို ဖတ်ကြားခဲ့သည်။

နေလင်းအောင်(ပြန်/ဆက်)

## မိုးနဲမြို့နယ်၌ ပဲပုပ်မျိုးစေ့ထုတ်စိုက်ခင်း ကွင်းသရုပ်ပြ

**မိုးနဲ ဇန်နဝါရီ ၂၇**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပဲပုပ် နှစ်ကေ ကွင်းသရုပ်ပြစိုက်ပျိုးခြင်းကို ဇန်နဝါရီ ၂၇ ရက်က နမ့်မော်ဆွမ့်ကျေးရွာအုပ်စုရှိ တောင်သူ ဦးစိုင်းအောင်ပူး၏ လယ်မြေတွင် ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်မော်ဦးနှင့်ဝန်ထမ်းများက ရေဆင်း-၁၅ ပဲပုပ်မျိုးစေ့ထုတ် နှစ်ကေကို တောင်သူများနှင့်အတူ စိုက်ပျိုးပေးခဲ့ပြီး လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ ဓာတ်မြေဩဇာ သုံးစွဲမှုတို့ကို နည်းပညာပေး ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။



မျိုးညွန့်ရွှေ(မိုးနဲ)

## ပိုင်ကျုံမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ပိုင်ကျုံ ဇန်နဝါရီ ၂၇**
ကရင်ပြည်နယ် ပိုင်ကျုံမြို့ မိုးနိုင်းကျေးရွာအုပ်စုရှိ မူ(လွန်)ညာပရော ကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် လှိုင်းဘွဲမြို့နယ် ဒုတိယမြို့နယ် ပညာရေးမှူးက အမှာစကားပြောကြားပြီး အထက ပိုင်ကျုံ ကျောင်းအုပ်ဆရာမကြီးက မိဘများအနေဖြင့် မိမိသားသမီးများအား ပညာရေးပြီးဆုံးအောင် ပံ့ပိုးဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထူးချွန်စွာ ဖြေဆိုအောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

နော်ခူး(ပြန်/ဆက်)



## ကျောက်မဲမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ကျောက်မဲ ဇန်နဝါရီ ၂၇**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် အလက(၃) အထက(ခွဲ)ကျောင်း၌ ဇန်နဝါရီ ၂၆ ရက်က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်မဲခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသန်းဌေးက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာကို လည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ထားထားလှိုင်က ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာန ကျောက်မဲခရိုင်ရုံးမှ ဦးစီးမှူး ဒေါ်မူမူသိန်းက မီးခိုးမြူငွေ့အန္တရာယ်အကြောင်းကို လည်းကောင်း ဟောပြောပြီး မေးခွန်းများ မေးမြန်းခြင်း၊ ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)



မြောင်းမြမြို့တွင် မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေးနည်းစနစ်လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၆ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ သင်တန်းတွင်လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားစဉ်။

ဇေယျာ(မြောင်းမြ)



မော်လမြိုင်ကျွန်းမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေးမွမ်းမံသင်တန်းကို ဇန်နဝါရီ ၂၆ ရက်က ဖွင့်လှစ်ရာ မော်လမြိုင်ကျွန်းမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဇော်က အမှာစကားပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၆၅ ဦး တက်ရောက်သင်ကြားစဉ်။

ရဲကိုမောင် (ပြန်/ဆက်)

# မုဒုံမြို့၌ (၁၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**မုဒုံ ဇန်နဝါရီ ၂၇**

မွန်ပြည်နယ် မုဒုံမြို့ကျက်သရေဆောင် သမိုင်းဝင်ဆံတော်ရှင်ကန်ကြီးစေတီတော် ဂေါပကအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် (၁၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စေတီတော်ဘုရားဝင်းရှိ ထာဝရအနန္တမေတ္တာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ် ဘုရားရှိခိုးကန်တော့ဖွင့်လှစ်ပြီး ကန်ကြီးဆံတော်ရှင်စေတီတော် ဩဝါဒါစရိယ မုဒုံမြို့ကျောင်းသစ် ပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒန (လမင်းဆရာတော်) ထံမှ မုဒုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်း၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့နှင့် ဧည့်ပရိသတ်များက သီလတော်မြတ်ခံယူသည်။ ထို့နောက် တာဝန်ရှိသူများက ပဋ္ဌာန်းကျမ်းတော်စာအုပ်များနှင့် ပဋ္ဌာန်းပရိတ်အောင်အိုးကို ဆရာတော်ကြီးထံ ဆက်ကပ်ပူဇော်၍ ပဋ္ဌာန်းအဖွင့် ပဋ္ဌာန်းအမွှမ်းများ ရွတ်ဆိုပူဇော်ပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဆရာတော် သံဃာတော်များကို တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ခြောက်ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



**ရာမည (ပြန်/ဆက်)**

# မော်လိုက်မြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို အသိပညာပေးဟောပြော

**မော်လိုက် ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ကျောင်းသား ကျောင်းသူ လူငယ်များ ပြည်ထောင်စုနေ့ သမိုင်းကြောင်းများ မမေ့လျော့ကြစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကာ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာ မူလတန်းအမှတ်(၃)ကျောင်း၌ ပြုလုပ်သည်။



ဦးစွာ ဟောပြောပွဲတွင် အမက(၃) ကျောင်းအုပ်ဆရာကြီး ဦးကျော်မိုးအောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်က ပြည်ထောင်စုနေ့ပေါ်ပေါက်လာပုံနှင့် ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး၊ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးနှင့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ခေါင်းစဉ်များဖြင့် ပြသထားသော အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။ **ကိုထက်(ပြန်/ဆက်)**

# တရားမဝင်သစ်မျိုးစုံ၊ ဘိလပ်မြေများ၊ ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၉ ရက်တွင် မြစ်ကြီးနားမြို့နယ် စီတာပူရပ်ကွက် ဗလမင်းထင်တံတားအနီး၌ မော်တော်ယာဉ် ၁၀ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် ဘိလပ်မြေအိတ် ၁၂၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၃ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင်အသုံးပြုသည့် ၁၄ လက်မ မုံအိုး ၁၅ လုံး အပါအဝင် ဆက်စပ်ပစ္စည်း ၁၀ မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၁ ရက် နှင့် ၂၂ ရက်တို့တွင် ပဲခူးမြို့နယ်၊ ဝေါမြို့နယ်၊ ဥဿျစ်ပင်မြို့နယ်နှင့် ဘုရားကြီးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ညောင်လေးပင်မြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် ၁ ဒသမ ၁၉၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၈၅၆) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၈၂၈၇၈၅၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၂ ရက်တွင် တောင်တွင်းကြီးမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၀ ရက်တွင် ပလိပ်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁၉ ရက်၊ ၂၀ ရက်၊ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၈၅၇၈၅၆ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ရွှေတောင်မြို့နယ်၌ ကူးစက်နိုင်သော ရောဂါများနှင့်ပတ်သက်၍ အသိပညာပေးဟောပြော

**ရွှေတောင် ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ကူးစက်နိုင်သောရောဂါများ ကာကွယ်၊ ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ဝါးတောကျေးလက်ကျန်းမာရေးဌာန၌ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ကျန်းမာရေးအသိပညာပေးရာတွင် ပြည်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အနာကြီးရောဂါစောင့်ရှောက်ရေးမှူး (၂) ဦးကျော်ဆန်းက အနာကြီးရောဂါအကြောင်းအသိပညာပေးဟောပြောပြီး ဝါးတောကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးမှူး(၂) ဒေါ်ခင်စုရီက ဝမ်းပျက်၊ ဝမ်းလျှောရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ ဆက်)**



ညောင်ဦးမြို့နယ်အတွင်း မီးလောင်မှုနှင့်မီးလန့်မှုများ လျော့နည်းကျဆင်းစေရေးအတွက် ဇန်နဝါရီ ၂၆ ရက်တွင် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိမ်းထွန်း၊ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက အမှတ်(၄) ရပ်ကွက်ရှိ နေအိမ်များကို မီးဘေးလုံခြုံရေး စစ်ဆေးစဉ်။ ဒီပါလင်း



## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား"အစီအစဉ်မှ **"သီပေါမြို့တွင် ဖမ်းဆီးရမိခဲ့သော ငွေလိမ်ဂိုဏ်းသုံး ဆက်စပ်ပစ္စည်းများနှင့် မူးယစ်ဆေးဝါးများသည် သမိုင်းတွင် ပမာဏအများဆုံးဖြစ်လာခဲ့"** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာအတွက် ICJ တွင် စွမ်းစွမ်းတမံကာကွယ်နေကြသူများရှိသလို သူခိုးဓားရိုးကမ်းချင်ကြသော အမျိုးသားရေးသစ္စာဖောက်များလည်းရှိနေ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း (၁၉-၁-၂၀၂၆ ရက်နေ့မှ ၂၅-၁-၂၀၂၆ ရက်နေ့အထိ) ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာ ဒိုင် အောက်ဆိုဒ် | နိုက် ထရိုဂျင် ဒိုင်အောက် ဆိုဒ် | အို ဇုန်း | ကာဗွန် မို နောက် ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟို ဌာန၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံး၌ နှစ်ဦးအလှူပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ နှစ်ဦးအလှူတော် ဗုဒ္ဓါဘိသေကအနေကဇာတင် ပရိတ်တရားတော်နာနှင့် ပစ္စည်းလေးပါး လှူဒါန်းပွဲကို ယမန်နေ့က မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းရုံးခန်းမ၌ ကျင်းပသည်။



ဦးစွာ သန်လျင်မြို့ မင်းကျောင်း ပထမပြန် စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ၊ သ. စ. အ ဓမ္မာစရိယ၊ ပထမကျော်၊ ဒေါက်တာစန္ဒိမာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဇော်က ဆေးပဒေသာပင် အလှူငွေ ၁၀၈ သိန်းနှင့် လှူဖွယ်ပစ္စည်းများ၊ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

## အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရသည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျောက်ဆည် ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော် ဦးဆောင်၍ အဖွဲ့ဝင်များနှင့်အတူ ယမန်နေ့က မြို့နယ်အတွင်းရှိ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရသည့် လုပ်ငန်းများတွင် နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါဟူသော ကြေညာချက်ဗီနိုင်း ချိတ်ဆွဲထားရှိမှုနှင့် လုပ်ငန်းရှင်များက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချခြင်းကို လိုက်နာမှုရှိမရှိ ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်အေးအေးသင်းက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရန် ပျက်ကွက်ပါက ပေးဆောင်ရမည့် ဒဏ်ကြေးငွေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက် (၅)၊ နယ်မြေ (၂)၊ အမှတ် (၁၉၅/၂) စာတိုက်ရပ်၊ ဇီဇဝါလမ်းသွယ်၊ အကွက်ကြီး (၄၈)၊ မြေအလျားအနံ (၇၅ x ၄၀) ပေ ရှိ အိမ်ခြံမြေ ကို ဦးဘီဘိုင်ကော့နှင့်ဒေါ်ထင်ဆောလ်တို့သည် (၅-၈-၁၉၉၉)ရက်တွင်ပင် အိမ်ခြံမြေ နှစ်ဦးသဘောတူ အရောင်းအဝယ် ကတိစာချုပ်ကိုသက်သေ ဦးဒေါက်ထန်း၊ ဦးဆန်လှုံန်းနှင့် ဒေါ်စန်းမြင့်တို့ ရှေ့မှောက်တွင် ချုပ်ဆိုဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါ စာချုပ်ချုပ်ဆိုရခြင်းမှာလည်း ဦးဘီဘိုင်ကော့က" ဦးပါထွန်းနှင့် ဒေါ်ထင်ဆောလ်ပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့မြို့နယ်၊ (၁၃၃) ရပ်ကွက်၊ တက္ကသိုလ်လမ်း၊ မြေကွက်အမှတ် (၁၁၇၀) ကို Rev.Dr ဦးဆန်လှုံန်းထံသို့ ဦးဘီဘိုင်ကော့မှ အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်မရွေးယူခဲ့ပါက ဦးပါထွန်းနှင့် ဒေါ်ထင်ဆောလ်ပိုင်အဖြစ် အလိုအလျောက် ပိုင်ဆိုင် စေရန်အလို့ငှာ ဝန်ခံချက်ဖြင့် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ စာချုပ်ချုပ်ဆိုသည့်ကိစ္စရပ်ကို တွေ့မြင်သိရှိသူများ၊ စာချုပ်ချုပ်ဆိုရာတွင် ပါဝင်သူများ၊ သက်သေခံ အထောက်အထားများအရ ပေါ်ပေါက်ပြီးဖြစ်၍ (၁၃-၄-၂၀၂၁) ရက်တွင် ရှမ်းပြည်တောင်ပိုင်း မတူလူမှုရေးအသင်းက မတူဓလေ့ထုံးတမ်းအရ စိစစ်တရားစီရင်ဆုံးဖြတ်ခဲ့သည့် မှတ်တမ်းအရ ဒေါ်ထင်ဆောလ်မှ ၎င်းမြေကွက်ကို သော့ခတ်၍ လက်ရောက်ရယူခဲ့ပြီး နောက်ပိုင်းတွင် အဆိုပါမြေကွက်အား ဦးဘီဘိုင်ကော့၏သမက် ဗိုလ်ကြီးသိန်းထိုက်အောင် + ဒေါ်ဇမုံတို့မှ ဒေါ်ထင်ဆောလ် ခတ်သည့်သော့အား ဖျက်ဆီး၍ မိမိသော့ဖြင့် . ပြန်လည်ခတ်ထားသဖြင့် (၁၇-၁၂-၂၀၂၅) ရက်တွင် မတူလူမှုရေးအသင်းက ထပ်မံအတည်ပြု ဆွေးနွေးချက်မှတ်တမ်းအရ ထပ်မံ၍ အဆိုပါမြေကွက်ကို ဒေါ်ထင်ဆောလ်အား လက်ရောက် အတည်ပြု ပေးအပ်ခဲ့ပါသည်။ ဦးဘီဘိုင်ကော့၏သမက် ဗိုလ်ကြီး သိန်းထိုက်အောင် - ဒေါ်ဇမုံတို့အပါအဝင် တစ်စုံတစ်ဦးတို့မှ အထက်ဖော်ပြပါ ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားများမူရင်းနှင့်တကွဖြစ်စေ၊ သော့အားလာရောက် ဖယ်ရှားပေးပါရန်ဖြစ်စေ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က ၎င်းတို့မှခတ်ထားသည့်သော့အား ဒေါ်ထင်ဆောလ်မှ (၅-၈-၁၉၉၉) စာချုပ်မူရင်းအရလည်းကောင်း၊ (၁၃-၄-၂၀၂၁) ရက်စွဲပါ မတူလူမှုရေးအသင်း၏မှတ်တမ်းနှင့် (၁၇-၁၂- ၂၀၂၅) ရက်စွဲပါ မတူလူမှုရေးအသင်း၏ ထပ်မံအတည်ပြု ဆွေးနွေးချက်မှတ်တမ်းမူရင်းတို့အရ အဆိုပါသော့အားဖယ်ရှား၍ ဥပဒေနှင့် အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်တေဇဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၉၇၂/၂၀၂၃)**
**အမှတ် (၂၃၄)၊ သဇင်လမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၄၂၈၃၄၃၈၈၄**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၅၉၇)၊ ပျဉ်းမပင်လမ်း၊ (၂၁) ရပ်ကွက်နေ (ဘ) (ဦးချစ်သန်း) - (မိ) ဒေါ်ခင်ခင်လှိုင် ၁၂/ဥကတ(နိုင်)၁၅၀၀၄၉ တို့၏သား မောင်ဝေယံမြင့်သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအတိုင်း ပြုမူနေပြီး စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောမည်သည့်ကိစ္စမဆို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်လှိုင်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ ရွာထောင်ရပ်ကွက်၊ အကွက်အမှတ် (၇/ရွာထောင်)၊ ဦးပိုင်အမှတ် (ဃ/၄၈၈)၊ ဧရိယာ ၀ ဒသမ ၀၃၇ ဧကရှိဘိုးဘပိုင်မြေကွက်သည် အောင်လံမြို့နယ် မြေစာရင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဒေါ်လှဲ့လှဲ့ထွေး အမည်ပေါက်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား ၁၁-၁၁-၂၀၂၅ ရက်စွဲပါ အရောင်းအဝယ်စာချုပ် အမှတ်(၃၂/၂၀၂၅)အရ ဒေါ်သီရိမွန်၊ ဦးကောင်းမြတ်လင်း၊ ဦးကောင်းထက်လင်းတို့မှ ၎င်းတို့၏အမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၃၀) ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာန**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 73W/22273, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်အောင် ၁၄/ဟတသ (နိုင်) ၃၁၉၀၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 1W/87237, Suzuki VIVA 110 ယာဉ်လက်ဝယ်ရှိသူ ဦးငွေဝင်းလှိုင် ၇/မညန(နိုင်)၀၆၉၂၂၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/32398, New Asia-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဖြူနွယ် ၈/မဘန(နိုင်) ၀၆၇၀၆၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/63869, CHASSY-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဝေ ၉/မရမ(နိုင်)၀၅၄၃၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7M/4365 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊(ရွာသာကြီး)**

### စာအုပ်စာပေ လှူမိတ်ဆွေ

**ပတ်စ်ပို့ ပျောက်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်ညောင်ပင်လှကျေးရွာအုပ်စုညောင်ပင်လှကျေးရွာ (မြောက်ပိုင်း)နေ ဦးရန်လင်း ၏သမီး မသက်သက်ဝေ ၈/တတက(နိုင်)၂၆၉၇၄၀ ၏နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉ ၇၆၅ ၅၀၀ ၅၆၁**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ လူနေရပ်ကွက်အမှတ် (**FMI**အိမ်ရာစီမံကိန်း)၊ ရွှေသရဖီ (၁)လမ်း၊ ခြံအမှတ် (**H-35**)၊ မြေကွက်အမှတ် (၁၃၈)၊ အကျယ်အဝန်း (၆၀ပေ × ၈၀ပေ)ရှိ ဦးမျိုးလွင် (၁၀/မလမ (နိုင်) ၀၂၆၇၈၄) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးမျိုးလွင် ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးကျော်စိုးဦး** |
| **LL.B, D.B.L, D.I.L,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉) |

၀၉ ၅၅၀၆၁၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈)၊ လူနေရပ်ကွက်အမှတ် (ရွှေပေါက်ကံ့စက်မှု)၊ ကနောင်လမ်းမကြီး (ဗိုလ်တေဇလမ်း)၊ မြေကွက်အမှတ် (၅၀+၅၁+၆၅+၆၆)၊ အကျယ်အဝန်း (၀.၉၇၈)ဧကရှိ ဦးထွန်းမင်းဦး (၉/မရတ (နိုင်) ၀၀၀၃၉၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးထွန်းမင်းဦး ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L,** | **LL.B, D.B.L, D.M.L.,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) |

ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၇၇ ၇၁၁ ၃၀၈

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၀၇၈၇)၊ မြေဧရိယာ ၀ ဒသမ ၁၆၅ ဧကရှိ ဦးအောင်ကျော်လွင် (ဘ)ဦးသိန်းအောင် ၁၂/ကတတ(နိုင်)၀၀၀၀၂၅ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးအောင်ကျော်လွင်မှ ဒေါ်အေးမွန်မြတ်ချို (ဘ)ဦးမြချို ၁၀/ဘလန(နိုင်)၀၆၀၄၈၃ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန် (City Loft)၊ တိုက်အမှတ် (CL 8)၊ အခန်းအမှတ် (403)၊ အခန်းအမျိုးအစား (အိပ်ခန်း ၃ ခန်း)၊ အကျယ်အဝန်း ဧရိယာ (၈၅၀) စတုရန်းပေရှိသော တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဝင်းနိုင်ကျော် ၈/ခမန(နိုင်)၁၁၇၆၄၈ ထံမှ အပြီးအပြတ် ဝယ်ယူရန်အတွက်ကျွန်မ ဒေါ်လင်းလင်းယု ၁၂/ပဘတ(နိုင်)၀၀၂၁၈၃ မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လင်းလင်းယု ၁၂/ပဘတ(နိုင်) ၀၀၂၁၈၃
ဖုန်း-၀၉-၇၈၉၆၇၅၄၀၄




## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ် (၁၃) ဟုခေါ် တွင်သော (၂) ခန်းတွဲ (၈) ထပ်တိုက်၏ မြေညီထပ် (တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက်)၊ အကျယ်အဝန်း (၁၅ပေX၆၀ပေ) ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းကို (၂၅-၁၀-၁၉၉၈)ရက်စွဲပါ ကန်ထရိုက်တာနှင့် မြေပိုင်ရှင် အခန်းပေးအခန်းယူ ကတိစာချုပ်အရ မြေပိုင်ရှင်အနေဖြင့် အကျိုးခံစားခွင့်ရရှိထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ မြေပိုင်ရှင် ဒေါ်နု(ခ)ဒေါ်မြမာလာ ၁၂/တမန(နိုင်)၀၄၅၃၀၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်ဦး (LL.B) (စဉ်-၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့် (စံပြ)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် (၉၅) ဟုခေါ်တွင်သော (၂) ခန်းတွဲ (၅) ထပ်တိုက်၏ ပထမထပ် (တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက်)၊ အကျယ်အဝန်း (၁၂ပေခွဲX၅၀ပေ)ရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းကို မြေပိုင်ရှင်များထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူများဖြစ်ကြသော ဒေါ်သိန်းမြ ၁၁/စတန(နိုင်) ၀၂၃၅၄၉နှင့် ဒေါ်နီလာစော ၁၁/စတန(နိုင်)၀၀၁၁၈၅ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် သဘောတူသည့်အလျောက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၅၁၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၇)၊ မြေကွက်အမှတ်(၁၇၄၃) ၏ မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးငွေထွန်း (၁၂/ဒလန(နိုင်)၀၀၆၅၃၄)နှင့် မြေကွက်အမှတ်(၁၇၄၄) ၏ မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ကြူကြူသိန်း(C/RGN-၀၀၇၅၁၇)(၁၂/ဒဂန(နိုင်)၀၁၉၂၉၁) ဟုခေါ်တွင်သော အမည်ပေါက်များထံမှ အကျယ်အဝန်း အလျား x အနံ (၄၀ x ၆၀)ပေစီရှိ မြေချပါမစ်မူရင်းမြေကွက်(၂)ကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းအေး (၁၄/ပသရ(နိုင်)၁၁၁၇၂၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ အပြီး ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 80W/57096, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ကိုဝင်း ၁၄/ကခန(နိုင်)၀၉၈၇၉၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 76W/75446, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ကိုဝင်း ၁၄/ကခန(နိုင်)၀၉၈၇၉၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

